မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၂၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း အဋ္ဌမအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ညီလာခံဖွင့်ပွဲ အခမ်း အနားတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

အစဉ်အလာကြီးမားသည့် လူမှုရေးအဖွဲ့အစည်း

❐ နိုင်ငံတော်သစ်ကြီးကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်လျက်ရှိသည်နှင့်အညီ အမျိုးသားရေးအင်အားစု အစစ်အမှန်အဖြစ် တိုင်းရင်းသား ပြည်သူများကြားက ပေါက်ဖွားလာသည့် လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အဖွဲ့အစည်းများအားလုံး အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် ရှင်သန်ဖြစ်ထွန်း ဖွံ့ဖြိုးတိုးတက်နေစေရအောင် နိုင်ငံတော်အနေဖြင့် လိုအပ်သည့် အားပေးချီးမြှောက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေ၊

❐ မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် လူမှုရေးဆောင်ရွက်ချက်များနှင့်ပတ်သက်လျှင် အစဉ်အလာကြီးမားပြီး စွမ်းဆောင်ရည်မြင့်မားသည့် စေတနာ့ဝန်ထမ်းလူမှုရေးအဖွဲ့အစည်းကြီးဖြစ်သည်နှင့်အညီ နိုင်ငံတော်အနေနှင့်အသင်းကြီး၏ တိုးတက်ရာတိုးတက်ကြောင်းကို မျက်ခြည်မပြတ် အားပေး။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် အစဉ်အလာကြီးမားသည့် စေတနာ့ဝန်ထမ်းလူမှုရေးအဖွဲ့အစည်းကြီးဖြစ် ပြည်သူ့အကျိုးပြုလုပ်ငန်းများ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိ အပြည်ပြည်ဆိုင်ရာအသင်းများနှင့်ပူးပေါင်းဆောင်ရွက်ရာတွင် ငွေကြေးအကူအညီရလိုမှု တစ်ခုတည်းကိုမကြည့်ဘဲ မိမိနိုင်ငံ၏အမျိုးသားရေးစရိုက်လက္ခဏာများ မပျက်ယွင်းအောင် မျိုးချစ်စိတ်ဓာတ်ဖြင့်သုံးသပ်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အဋ္ဌမအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုကောင်စီဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Patrick Vialနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Ms.Joanna Maclean နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်း ကြက်ခြေနီတပ်ဖွဲ့မှူးများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စဉ်ဆက်မပြတ်သယ်ပိုး

အစီအစဉ်အရ ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် ၁၉၂၀ ပြည့်နှစ်က စတင်ပေါ်ပေါက်ခဲ့ပြီး သမိုင်းအစဉ်အလာကြီးမားသော အသင်းကြီးဖြစ်သကဲ့သို့ ခေတ်အဆက်ဆက်တွင် ခေတ်ကာလနှင့်အညီ နိုင်ငံတော်နှင့်ပြည်သူ၏ အကျိုးကို စဉ်ဆက်မပြတ် သယ်ပိုးဆောင်ရွက်နိုင်ခဲ့သော မွန်မြတ်သည့်စေတနာရှင် လူမှုရေးအသင်းကြီး တစ်သင်းအဖြစ်

စာမျက်နှာ ၃ ကော်လံ ၁ ❐

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

အမျိုးသားရေး လမ်းကြောင်းမှန်ပေါ်တွင် ခိုင်ခိုင်မာမာ လျှောက်လှမ်း ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးတွင် ထာဝရမှန်ကန်နေမည့် ထာဝရသစ္စာတရားဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ကျင့်သုံးလျက်ရှိသည်။

တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လက်တွဲပြီး ကိုလိုနီနယ်ချဲ့၏ ဆိုးမွေကင်းရှင်းသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်၏ သမိုင်းကြောင်းအခြေခံများ၊ လက်ရှိပကတိအခြေအနေနှင့် ကိုက်ညီသည့် အမျိုးသားရေး မူဝါဒများနှင့် အမျိုးသားရေး ဦးတည်ချက်များကို နိုင်ငံတော်က မှန်ကန်စွာသုံးသပ်ချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၆)မှ သင်တန်းသားသင်တန်းသူများက တွေ့ဆုံဂါရဝပြုပြီး ဩဝါဒခံယူကြသည့် အခမ်းအနားကို ဇန်နဝါရီလ ၂၈ ရက်နေ့က ရန်ကုန်မြို့ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဩဝါဒစကားမြွက်ကြားရာ၌–

“တိုင်းတစ်ပါး၏ ဗိုလ်ကျစိုးမိုးမှု၊ ဩဇာပေးခြယ်လှယ်မှုတို့ကို တိုင်းရင်းသားများအားလုံး လက်တွဲရင်ဆိုင်တွန်းလှန်ပြီး မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားအတွက် မိမိတို့ကိုယ်တိုင် ဆုံးဖြတ် ရွေးချယ်သည့် အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် တည့်တည့်မတ်မတ် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်စေရန်အတွက် မိမိတို့တိုင်းပြည်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်သွားနိုင်ရန် အရေးကြီးကြောင်း”

မိန့်ကြားသွားသည်။

နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် မရှိမဖြစ်လိုအပ်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်ကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းသွားရန်အတွက် တိုင်းရင်းသားပြည်သူအားလုံး အမျိုးသားရေး လိုအပ်ချက်အဖြစ် စွဲမြဲစွာခံယူထားကြရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ ပကတိအခြေအနေကို လေ့လာသုံးသပ်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ကာ တိုင်းပြည် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ ပေါင်းစည်းကြိုးပမ်း ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်၏ နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ခဲ့သည်ကို အထင်အရှားတွေ့မြင်နေရပေသည်။ ရရှိပြီးသော ငြိမ်းချမ်းသာယာခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း အနှစ်သာရများကို တန်ဖိုးထားပြီး ငြိမ်းချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ အစဉ်တည်တံ့ခိုင်မြဲစေရေး ထိန်းသိမ်းသွားရန်နှင့် ပြည်ထောင်စုကြီးကို အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ထာဝရကာကွယ်စောင့်ရှောက် သွားကြရမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံ့ခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမားစွာဖြင့် ကြိုးပမ်းတည်ဆောက်ခဲ့ကြသည့် ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှု အကျိုးရလဒ်ကောင်းများကို သယ်ဆောင်မြှင့်တင်သွားနိုင်ရန် တိုင်းရင်းသားလူမျိုးများအကြားတွင် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများ၊ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများ၊ ခေတ်ပညာ၊ အသိ၊ အမြင် ပြည့်စုံကြွယ်ဝသည့် လူ့စွမ်းအားအရင်းအမြစ် အခြေခံကောင်းများ ဖြစ်ထွန်းလာစေရန် ဆက်လက်တည်ဆောက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံး အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် တည့်တည့်မတ်မတ် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရန်အတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံ၍ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၃၀–၁–၂၀၀၅
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“ကံလေးမျိုးတရားတော်”**

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)ပထဝီဝင်အထူးပြု တတိယနှစ် (ဦးအေးမြင့်–ပါမောက္ခ)
(ခ)Soil Erosion and Soil Conservation
၄း၃၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၈။ နိုင်ငံတကာသတင်း
၆း၂၀ ၉။ မိုးလေဝသသတင်း
၆း၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၁။ လျှပ်တစ်ပြက်
၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပင်လယ်ကြီးလောက် ချစ်တယ်”** (အပိုင်း–၁၉)
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ မြန်မာ့ရှုခင်း
၁၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၇။ °FA Cup ဘောလုံးပွဲ Chelsea Vs Birminghan City

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

(၄၅)လမ်းအောက်လမ်း ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်ဖွင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)များဖြစ်ကြသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် ဒေါပုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကဦးဆောင်၍ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖြစ်မြောက်ရန် သဘော်ကျင်းရပ်ကွက် မြို့မလမ်း၌ စုပေါင်းလုပ်အားပေးပွဲနှင့် ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ (၄၅)လမ်း အောက်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားများသို့ သွားရောက်ကြည့်ရှု အားပေးကြပြီး လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံများဖြစ်ကြသည့် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့သည် ရှေးဦးစွာ ဒေါပုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ ဒေါပုံမြို့နယ် သဘော်ကျင်းရပ်ကွက်၌ မြို့ပတ်လမ်းနှင့် ရွာမလမ်းဆက်သွယ်သည့် မြို့မလမ်း အရှည်ပေ၁၅၀၀၊ အကျယ်၁၂ပေကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ စုစုပေါင်းအင်အား၁၀၀၀ကျော်တို့က ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ခင်းကျင်းနိုင်ရန် လိပ်သဲကျောက်စီခြင်း၊ လမ်းဘေးဝဲယာ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးပြီး ရင်းနှီးစွာ လိုက်လံနှုတ်ဆက်ကာ သဘော်ကျင်းရပ်ကွက်အတွင်း သောက်သုံးရေဖူလုံစွာ ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံများဖြစ်ကြသည့် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့သည် နံနက်၈နာရီခွဲတွင် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်ခင်းကျင်းပြီးစီးသည့် မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းအကြား အလျားပေ ၈၅၀၊ အကျယ် ၁၆ပေရှိ (၄၅)လမ်း အောက်လမ်း ကျောက်ချောကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် အဆိုပါလမ်းသစ်ကို မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် လမ်းသစ်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဝိုင်အမ်စီအေ တွဲဖက်အတွင်းရေးမှူး ဦးသာဉာဏ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးလွင်က (၄၅)လမ်း အောက်လမ်း လမ်းသူလမ်းသားများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ ၂၇၀ကို ပေးအပ်ပြီး ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အသိအမှတ်ပြုကတ်များ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးလွင်က လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ် အလံငယ်များကို မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် ဧည့်သည်တော်များအား ပေးအပ်ပြီး မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ **ရှေ့ဖုံးမှ**

အစဉ်တစိုက်ရပ်တည်လာနိုင်ခဲ့သည်မှာလည်း ဝမ်းမြောက်ဂုဏ်ယူဖွယ်ဂုဏ်ဒြပ်တစ်ခုပင်ဖြစ်ကြောင်း။

အရန်အင်အားစု

ထို့ကြောင့် မိမိတို့နိုင်ငံတော်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးကို အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် တက်တက်ကြွကြွ ခိုင်ခိုင်မာမာ ပါဝင်ဆောင်ရွက်နိုင်စေရန် အဘက်ဘက်က အားပေးကူညီဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးကို နိုင်ငံတော်အေးချမ်းသာယာရေးအတွက် အရန်အင်အားစုအဖြစ် သတ်မှတ်ပြီး မွန်မြတ်မြင့်မားသော နိုင်ငံတော်တည်ဆောက်ထိန်းသိမ်းမြှင့်တင်ရေးဆိုသည့် အမျိုးသားရေးတာဝန်များကိုပါ ထပ်ဆင့်ပေးအပ်ခဲ့ပြီးလည်းဖြစ်ကြောင်း။

ကြက်ခြေနီလုပ်ငန်းများမှာ အနောက်ဥရောပနိုင်ငံများတွင် စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သော်လည်း လူသားချင်းစာနာထောက်ထားတတ်သည့် အများအကျိုးဆောင် ပရဟိတစိတ်ဓာတ်နှင့် အလေ့အထများ၊ မိရိုးဖလာအစဉ်အလာကောင်းများအနေဖြင့် ရှေးဦးမဆွကပင် တည်ရှိနေခဲ့ပြီးဖြစ်သည့် မြန်မာနိုင်ငံအတွင်း၌ ကြက်ခြေနီလှုပ်ရှားမှုများသည် အရှိန်အဟုန်ဖြင့် တွင်ကျယ်ဖြစ်ထွန်းလာသည့်အပြင် မြန်မာ့စရိုက်၊ မြန်မာ့ယဉ်ကျေးမှုတို့နှင့် ယှက်နွယ်ပြီး အမျိုးသားရေးဝိသေသနှင့်ပြည့်ဝသော စေတနာ့ဝန်ထမ်း လူမှုကရုဏာလုပ်ငန်းများအဖြစ် ထူးထူးခြားခြား ရှင်သန်ဖြစ်ထွန်းလာခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

မိမိတို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်သစ်ကြီးကို တည်ဆောက်ကာကွယ်ရာတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အစိုးရဌာနဆိုင်ရာများ၊ တိုင်းရင်းသား ပြည်သူများဖြင့် စေတနာရှင် လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုကို အားထားဆောင်ရွက်လျက်လည်း ရှိနေကြောင်း။

ဤသို့ နိုင်ငံတော်သစ်ကြီးကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်လျက်ရှိသည်နှင့်အညီ အမျိုးသားရေးအင်အားစု အစစ်အမှန်အဖြစ် တိုင်းရင်းသားပြည်သူများကြားက ပေါက်ဖွားလာသည့် လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အဖွဲ့အစည်းများအားလုံး အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် ရှင်သန်ဖြစ်ထွန်းဖွံ့ဖြိုးတိုးတက်နေစေရအောင် နိုင်ငံတော်အနေနှင့် လိုအပ်သည့် အားပေးချီးမြှောက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အားရကျေနပ်

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် လူမှုရေးဆောင်ရွက်ချက်များနှင့် ပတ်သက်လျှင် အစဉ်အလာကြီးမားပြီး စွမ်းဆောင်ရည်မြင့်မားသည့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းကြီးဖြစ်သည်နှင့်အညီ နိုင်ငံတော်အနေနှင့် အသင်းကြီး၏တိုးတက်ရာ တိုးတက်ကြောင်းကို မျက်ခြည်မပြတ် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့အားပေးဆောင်ရွက်သကဲ့သို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးကလည်း ပြည်သူ့အကျိုးပြုလုပ်ငန်းများမှာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တက်တက်ကြွကြွ ပါဝင်ကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိနေသည်ကို အားရကျေနပ်ဖွယ် တွေ့မြင်နေရကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် ပြည်သူလူထု၏ ပဏာမကျန်းမာရေးစောင့်ရှောက်မှုကိုဦးစားပေးထားသည့် အမျိုးသား ကျန်းမာရေးမူဝါဒကို အခြေခံပြီး အမျိုးသားကျန်းမာရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းကဲ့သို့သော စေတနာရှင် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများ၏ ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်မှုကို အထူးအလေးထားအားပေးလျက်ရှိနေသည်ကို တွေ့နိုင်ကြောင်း။

ကျန်းမာရေးမြှင့်တင်မှု

အလားတူပင် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ကယ်ဆယ်ရေး ကဏ္ဍများတွင်လည်း ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်အောင် လုပ်ငန်းအခြေခံများကို စီမံပေးလျက်ရှိကြောင်း၊ ထို့အပြင် ကျန်းမာရေးမြှင့်တင်ရေးလုပ်ငန်းများဖြစ်သည့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တားဆီးရေး၊ အိုင်အိုဒင်းဆား တိုးမြှင့်သုံးစွဲရေး၊ ကလေးသူငယ်များနှင့်သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးလုပ်ငန်းများမှာလည်း နိုင်ငံတော်အနေနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး အပါအဝင် ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုကို ရယူဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ စီမံကိန်းများ၊ လုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေဖြစ်အောင် စီမံဆောင်ရွက်နိုင်စေရန်နှင့် အသင်းကြီး၏ လိုအပ်ချက်များကို နိုင်ငံတော်အပိုင်းက အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးကူညီနိုင်စေရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုကောင်စီတွင် နိုင်ငံတော်၏ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းပေးထားပြီး တက်ညီလက်ညီ ညှိနှိုင်းပူးပေါင်းဆောင်ရွက်စေလျက်လည်းရှိကြောင်း။

အမျိုးသားရေးအသိ

ဤသို့စီမံဆောင်ရွက်ပေးထားသည်နှင့်အညီ နိုင်ငံတော်၏ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များနှင့် ပြည်နယ်နှင့်တိုင်းများက ရွေးချယ်တင်မြှောက်သည့် ကိုယ်စားလှယ်များအနေနှင့် အသင်းဗဟိုကောင်စီမှာ ညီညီညွတ်ညွတ် ညှိနှိုင်းပူးပေါင်းပြီး အသင်း၏ တိုးတက်ရာတိုးတက်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ အကျိုးရှိရာ အကျိုးရှိကြောင်း၊ အမျိုးသားရေးအသိဖြင့် တက်ကြွစွာ ဆောင်ရွက်လာနိုင်ကြမည်ဖြစ်ခြင်းကြောင့် နိုင်ငံနှင့်အဝန်းမှာ ကြက်ခြေနီ လူမှုကရုဏာလှုပ်ရှားမှုများမှာလည်း အရှိန်အဟုန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာ မလွဲကေန်ပင်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ထို့ကြောင့် ပြည်နယ်နှင့်တိုင်းများက အသင်းဗဟိုကောင်စီဝင် ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ရာတွင် နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသားပြည်သူများ၏အကျိုးနှင့် အသင်းကြီး၏ အကျိုးစီးပွားများကို ဦးထိပ်ထားပြီး တက်တက်ကြွကြွ စိတ်ပါဝင်စားစွာ သယ်ပိုးထမ်းရွက်နိုင်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ပေးကြရန်လိုအပ်ကြောင်း။

မျိုးချစ်စိတ်ဓာတ်အခြေခံ

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) ကဲ့သို့သော အပြည်ပြည်ဆိုင်ရာအသင်းများနှင့်ပူးပေါင်းဆောင်ရွက်ရာတွင် ငွေကြေးအကူအညီရလိုမှုတစ်ခုတည်းကိုသာ မကြည့်ဘဲ မိမိနိုင်ငံ၏ အမျိုးဂုဏ်ဇာတိဂုဏ်နှင့် လူမျိုးရေးစရိုက်လက္ခဏာများ မထိခိုက်မပျက်ယွင်းစေရအောင် မျိုးချစ်စိတ်ဓာတ်အခြေခံဖြင့် ရှုမြင်သုံးသပ် ဆောင်ရွက်သွားကြရန်လည်း မှာကြားလိုကြောင်း။

ယခုကဲ့သို့ တစ်နိုင်ငံလုံးက ကြက်ခြေနီကိုယ်စားလှယ်များ ဆုံစည်းခိုက်တွင် နိုင်ငံတော်၏ အမျိုးသားရေးမျှော်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရေးနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းလှုပ်ရှားမှုများကို အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် တည့်မတ်ခိုင်မာစွာ တိုးတက်ဖြစ်ထွန်းစေရေးတို့အတွက် ထိရောက်အကျိုးရှိစွာ အထောက်အကူပြုနိုင်စေမည့် လုပ်ငန်းအစီအမံများ၊ ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းချမှတ်သွားကြပါဟု ထပ်လောင်းမှာကြားလိုကြောင်း။

လက်တွဲပူးပေါင်း

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ ယခုရွေးချယ်တာဝန်ပေးအပ်ခံရသည့် ဗဟိုကောင်စီဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များ၏ ဦးဆောင်မှုအောက်တွင် ကြက်ခြေနီအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ အားလုံးက အမျိုးသားရေးအသိအမြင်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ကြက်ခြေနီလူမှုကရုဏာစိတ်ဓာတ်အပြည့်အဝဖြင့် တစ်သွေးတည်းတစ်သားတည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တက်တက်ကြွကြွ လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က အဋ္ဌမအကြိမ်နိုင်ငံလုံးဆိုင်ရာ ကြက်ခြေနီညီလာခံ သက်တမ်းအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဗဟိုကောင်စီ ဖွဲ့စည်းရာ၌ နိုင်ငံတော်က လျာထားသည့် အစိုးရခန့်ဗဟိုကောင်စီဝင်၁၀ဦး၏ အမည်စာရင်းကို ကြေညာပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အဋ္ဌမအကြိမ်မြောက် နိုင်ငံလုံး ဆိုင်ရာ ကြက်ခြေနီ ညီလာခံ သက်တမ်းအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီ ဖွဲ့စည်းရာ၌ နိုင်ငံတော်က လျာထားသည့် အစိုးရခန့် ဗဟိုကောင်စီဝင်များ၏ အမည်စာရင်းအား ကြေညာစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့်အမျိုးသားညီလာခံကိုကြိုဆိုထောက်ခံခြင်းအခမ်းအနား ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဇင်ချောင်းကျေးရွာ၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ဇန်နဝါရီ၂၇ ရက် နံနက်ပိုင်းနာရီခွဲတွင် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ် ဇင်ချောင်းကျေးရွာ အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ကျောက်ဖြူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်တင်သိန်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ကျောက်ဖြူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌဦးလေးမြင့်၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါက်တာခင်နှင်းဆက်၊ မြို့နယ်အမျိုးသမီးရေးရာကော်မတီမှ ဒေါ်သီဂီမွန်နှင့် မြို့မိမြို့ဖ ဦးအောင်စိုးထွန်းတို့က ဆောင်ရွက်ကြသည်။ အခမ်းအနားမှူးအဖြစ်ကျောက်ဖြူမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှဒေါ်ခင်ခင်မြတ်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ်ဒေါ်မြနွယ်တို့က ဆောင်ရွက်ကြသည်။

ချီတက်နေရာယူ

အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ မီးသတ်နှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား ပြည်သူများ ၁၀၀၀ခန့် တက်ရောက်ကြပြီး ကျောက်ဖြူမြို့နယ် စစ်ကြောင်း၊ ရမ်းဗြဲမြို့နယ်စစ်ကြောင်း၊ မာန်အောင်မြို့နယ်စစ်ကြောင်း၊ အမ်းမြို့နယ် စစ်ကြောင်းများဖြင့် အခမ်းအနားကျင်းပရာသို့ စနစ်တကျ ချီတက်နေရာယူကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြပြီး သဘာပတိ ဦးအောင်တင်သိန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း အဆိုကို ကျောက်ဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဒေါက်တာခင်စိုးက လည်းကောင်း၊ အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံကြောင်းကို အမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကိုကိုသက်ကလည်းကောင်း၊ ကျောက်ဖြူခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို မာန်အောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခင်မောင်ရွှေက လည်းကောင်း တင်ပြကြသည်။

ထောက်ခံဆွေးနွေး

အဆိုပါတင်ပြချက်များနှင့်ပတ်သက်၍ ရမ်းဗြဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်စံစံဝင်းက ထောက်ခံဆွေးနွေးသည်။ ထို့နောက် သဘာပတိ ဦးအောင်တင်သိန်းက ပြည်သူလူထုထံမှ အတည်ပြုချက်ရယူပြီး ဆုံးဖြတ်ချက်ချမှတ်ကြောင်း ကြေညာသည်။

ဂုဏ်ပြုသီဆိုဖျော်ဖြေ

ထို့နောက် ကျောက်ဖြူမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုတေးများ ဖြစ်သော ရာသက်ပန်ပြည်ထောင်စုနှင့် ပြည်မြန်မာသီချင်းတို့ဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေကြပြီး အခမ်းအနားကို ကြွေးကြော်သံများဖြင့် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်း အပြည်ပြည်ဆိုင်ရာဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်း (Myanmar ASEAN Women's Friendship Association) က ကြီးမှူး၍အပြည်ပြည်ဆိုင်ရာဈေးရောင်းပွဲတော် (International Fair 2005) ကို ယနေ့နံနက် ၁၀နာရီတွင်ကန်တော်ကြီးသဘာဝဥယျာဉ်ကရဝိက်ပန်းခြံ၌ ကျင်းပသည်။

အဆိုပါ ဈေးရောင်းပွဲတော်သို့ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီးနှင့် ဝန်ကြီးများ၏ဇနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အာဆီယံနိုင်ငံသံအမတ်ကြီးများ၏ဇနီးများ၊ ရန်ကုန်မြို့ရှိ သံတမန်မိသားစုများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ မိသားစုများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

အပြည်ပြည်ဆိုင်ရာ ဈေးရောင်းပွဲတော်တွင် နိုင်ငံအရပ်ရပ်မှ လက်မှုပညာပစ္စည်းများ၊ ထုတ်ကုန်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ ဖွင့်လှစ်ရောင်းချပြီး ယင်းဈေးရောင်းပွဲတော်မှ ရောင်းချရငွေများကို မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းနှင့် သံရုံးများက လူမှုရေးအသင်းများသို့ လှူဒါန်းမည်ဖြစ်သည်။ ဈေးရောင်းပွဲတော်သို့ လူအမြောက်အမြား လာရောက်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၃၀-၁-၂၀၀၅) ရက်နေ့

၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

(၁၃-၂-၂၀၀၅)ရက်နေ့နှင့် (၂၇-၂-၂၀၀၅)ရက်နေ့

ဂျပန်၏ အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံ ၂၀၀၄ ခုနှစ်တွင် တရုတ်နိုင်ငံဖြစ်လာခဲ့

တိုကျို ဇန်နဝါရီ ၂၇

တရုတ်နိုင်ငံသည် ၂၀၀၄ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် အမေရိကန်ပြည်ထောင်စု၏နေရာကို အစားထိုးယူခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

ဟောင်ကောင်အပါအဝင် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့၏ ကုန်သွယ်မှုပမာဏသည် လွန်ခဲ့သည့် ၂၀၀၄ ခုနှစ်၌ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၁၃ ဒသမ ၃ ဘီလီယံဖိုး ရှိခဲ့ရာ ၁၉၄၇ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးဖြစ်သည်။

ကုန်သွယ်

ဂျပန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့၏ ကုန်သွယ်မှုသည် ၂၀၀၄ ခုနှစ်၌ ဒေါ်လာ ၁၉၈ ဒသမ ၈ ဘီလီယံခန့်ရှိခဲ့သည်။ ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်မှုသည် ဂျပန်နိုင်ငံ၏ စုစုပေါင်း နိုင်ငံခြားကုန်သွယ်မှုပမာဏတွင် ၂၀ ရာခိုင်နှုန်းခန့် ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုက ၁၈ ရာခိုင်နှုန်းခန့် ဖြစ်သည်။

တိုးတက်

၂၀၀၄ ခုနှစ်အတွင်း၌ ဂျပန်နိုင်ငံသည် ကမ္ဘာတစ်ဝန်း ကုန်သွယ်မှုပိုလျှံငွေ ဒေါ်လာ ၁၁၆ ဒသမ ၆ ဘီလီယံရှိခဲ့ရာ ထို့ယခင်နှစ်ကထက် ၁၇ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ နွေဦးရာသီပွဲတော်အတွက် အိမ်အလှဆင်ပစ္စည်းများ ရောင်းချနေသည်ကို ဇန်နဝါရီ ၂၈ ရက်က တွေ့ရစဉ်။ (ဗီယက်နမ်လူမျိုးများသည် ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပမည့် လူနာနှစ်သစ်ပွဲတော်အတွက် ပြင်ဆင်မှုများ လုပ်ဆောင်နေကြကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

ရွှေထုတ်လုပ်မှု တရုတ် စံချိန်တင် ယမန်နှစ်က တန်ချိန် ၂၁၂ တန်ကျော် ထုတ်လုပ်ခဲ့

ပေကျင်း ဇန်နဝါရီ ၂၈

တရုတ်နိုင်ငံသည် ၂၀၀၄ ခုနှစ်က ရွှေတန်ချိန် ၂၁၂ ဒသမ ၃၅ တန် ထုတ်လုပ်နိုင်ခဲ့ပြီး စံချိန်တင်ရောင်းချခဲ့ရကြောင်း တရုတ် ရွှေထုတ်လုပ်ရေးအသင်းက သိရသည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ်သည် ၂၀၀၄ ခုနှစ်က ရွှေတန်ချိန် ၆၄ ဒသမ ၅ တန် ထုတ်လုပ်ခဲ့ရာ နိုင်ငံ၏ အများဆုံး ရွှေထုတ်လုပ်ရာ ပြည်နယ်ဖြစ်ခဲ့ကြောင်း၊ အခြား ရွှေအဓိကထွက်သည့် ဒေသများမှာ ဟိုင်နန်၊ ဖူကျန်း၊ ရှန်ဇီ၊ လျောင်နင်း၊ ဟိုင်ဘေတို့ဖြစ်ကြောင်း သိရသည်။

ပြောကြား

တရုတ်နိုင်ငံ၏ ရွှေထုတ်လုပ်မှုသည် ၁၉၉၀ ပြည့်လွန်နှစ်များ အလယ်ကစပြီး လျင်မြန်စွာ တိုးတက်လာခဲ့ကြောင်း အဆိုပါ ရွှေထုတ်လုပ်ရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ တရုတ်နိုင်ငံသည် ၁၉၉၄ ခုနှစ်က ရွှေတန်ချိန် ၉၀ သာ ထုတ်လုပ်နိုင်ခဲ့သည်။

တရုတ်နိုင်ငံ၏ ရွှေထုတ်လုပ်မှု တိုးတက်လာခြင်းသည် ရွှေခေတ် အခွင့်အလမ်းတစ်ရပ်ကို ပေါ်ပေါက်စေကြောင်း အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

ထုတ်လုပ်

တရုတ်နိုင်ငံ၏ လူဦးရေသည် ၁ ဒသမ ၃ ဘီလီယံအထိ ရှိလာပြီး တရုတ်စီးပွားရေးသည်လည်း အလွန် လျင်မြန်စွာတိုးတက်လျက်ရှိသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ရွှေထုတ်လုပ်သူများတွင် စတုတ္ထအများဆုံး ထုတ်လုပ်မှုနှင့် သုံးစွဲမှုရှိသောနိုင်ငံ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကွန်ပျူတာအစိတ်အပိုင်းပြုလုပ်သော စင်ကာပူ အီးအက်စ်ဝိုင်ကုမ္ပဏီ လေးနှစ်အတွင်း စင်ကာပူဒေါ်လာ ၂ဒသမ၄ဘီလီယံ လုပ်ငန်းပမာဏရှိလာ

စင်ကာပူ ဇန်နဝါရီ ၂၈

လေးနှစ်တာ တိုတောင်းသောကာလအတွင်း စင်ကာပူနိုင်ငံ၏ အီးအက်စ်ဝိုင် ပြည်တွင်းဖြစ်ကွန်ပျူတာအစိတ်အပိုင်းပြုလုပ်သော ကုမ္ပဏီသည် စင်ကာပူဒေါ်လာ ၂ ဒသမ ၄ ဘီလီယံ လုပ်ငန်းပမာဏရှိသော ကမ္ဘာ့ကုမ္ပဏီတစ်ခု ဖြစ်လာခဲ့သည်။

လက်ရှိနိုင်ငံ ၃၃ နိုင်ငံတွင် အီးအက်စ်ဝိုင်ကုမ္ပဏီသည် ကမ္ဘာ့အိပ်ချ်ဒီဒီ ဖြန့်ဖြူးရေးဈေးကွက်၌ ကမ္ဘာတွင် အိပ်ချ်ဒီဒီ ၂၅ ရာခိုင်နှုန်းဖြန့်ဖြူးပေးသော ဈေးကွက်ကြီးဖြစ်လာခဲ့သည်ဟု ဆိုသည်။

လက်ဆွဲကွန်ပျူတာများထုတ်မည်

အီးအက်စ်ဝိုင်သည် ကမ္ဘာတွင် ဈေးအချိုဆုံး ပီစီများကိုလည်းထုတ်လုပ်ပြီး ရှေ့လ၌ ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် လက်ဆွဲကွန်ပျူတာများ စတင်ထုတ်လုပ်သွားမည် ဖြစ်သည်။

အမေရိကန်၊ ရုရှားနှင့် တရုတ်ကဲ့သို့ ခိုင်မာသောဈေးကွက်များတွင် အီးအက်စ်ဝိုင်အုပ်စုသည် ၂၀၀၃ ခုနှစ်၌ စင်ကာပူဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ လုပ်ငန်းပမာဏရှိခဲ့ပြီး ပြီးခဲ့သည့်နှစ်၌ စင်ကာပူဒေါ်လာ ၂ ဒသမ ၄ ဘီလီယံရှိခဲ့သည်။

(အင်တာနက်)

အိန္ဒိယမြောက်ပိုင်း၌ အအေးလှိုင်းများကျရောက်

နယူးဒေလီ ဇန်နဝါရီ ၂၈

အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသတွင် ပြင်းထန်ဆိုးရွားသော အအေးလှိုင်းများ ဆက်လက်ဖြစ်ပေါ်နေပြီး အချို့နေရာများ၌ အပူဒီဂရီသည် ထိုးကျလျက်ရှိသည်။ မိုးလေဝသဌာနက တောင်ကုန်းဒေသများတွင် နှင်းများ ထူထပ်စွာကျရောက်ပြီး နှင်းမုန်တိုင်း သို့မဟုတ် မိုးသက်မုန်တိုင်းများတိုက်ခတ်နိုင်ကြောင်း ကြိုတင်တွက်ဆထားသည်။

ပန်ဂျပ်နှင့် ဟာယာနာလွင်ပြင်ဒေသများအပြင် ဟိမာချာပရာဒေ့ရှ်နှင့် ဂျမ္မူးနှင့် ကက်ရှ်မီးယားတွင် အပူဒီဂရီသည် သာမန်အောက် တစ်မှ လေးဒီဂရီထိ ထိုးကျခဲ့သည်ဟု ဆိုသည်။

ထိုးကျ

နယူးဒေလီ၌ အပူဒီဂရီသည် ၅ ဒသမ ၅ ဒီဂရီဆဲလ်စီယပ်စ်ထိ ထိုးကျခဲ့ရာ သာမန်အောက် သုံးဒီဂရီ နိမ့်ကျခဲ့သည်။ အများဆုံးအပူဒီဂရီသည်လည်း ၂ ဒီဂရီကျဆင်းခဲ့ပြီး ၂၀ ဒသမ ၃ ဒီဂရီရှိသည်။ နှင်းများထူထပ်စွာ ဆက်လက်ကျဆင်းမှုကြောင့် ရထားပို့ဆောင်ရေးလုပ်ငန်း ထိခိုက်ခဲ့ရသည်။

ဆရီနာဂါ၌ အနုတ် သုည ဒသမ ၈ ဒီဂရီဆဲလ်စီယပ်စ်ရှိရာ မြောက်ပိုင်းဒေသ၌ အအေးဆုံးဒေသဖြစ်ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။ ဟိမာချာပရာဒေ့ရှ်ရှိ အထီးကျန်ဒေသများ၌ မိုး သို့မဟုတ် နှင်းများထူထပ်စွာ ကျရောက်နိုင်ပြီး ဟာယာနာနှင့် ပန်ဂျပ်ဒေသတွင် လာမည့် နှစ်ရက်အတွင်း တစ်နာရီ၄၅ ကီလိုမီတာနှုန်းဖြင့် မိုးသက်မုန်တိုင်းများ တိုက်ခတ်နိုင်သည်။

အမ်အင်အေ၊ပီတီအိုင်

တိုးတက်

ဂျပန်နိုင်ငံ တိုကျိုမြို့လယ်ရှိ အင်တီတီဒိုကိုမို ဖုန်းရောင်းချသည့် ဆိုင်တစ်ဆိုင်၌ အမျိုးသမီးတစ်ဦး ဖုန်းဆက်နေသည်ကို ဇန်နဝါရီ ၂၈ ရက်က တွေ့ရစဉ်။ (ဒိုကိုမို ဖုန်းထုတ်လုပ်ရေးကုမ္ပဏီသည် ဂျပန်နိုင်ငံ၏ အကြီးဆုံး ဖုန်းထုတ်လုပ်ရေးကုမ္ပဏီဖြစ်ပြီး ၂၀၀၄ ခုနှစ် ဧပြီလနှင့် ဒီဇင်ဘာလအတွင်း အသားတင်အမြတ် ၅၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

အလုပ်လက်မဲ့နှုန်း ဂျပန်၌ကျဆင်း

တိုကျို ဇန်နဝါရီ ၂၈

ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ၂၀၀၄ ခုနှစ်က ၄ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အစိုးရသတင်းကြေညာချက်၌ သောကြာနေ့က ဖော်ပြသည်။

ကျဆင်း

ဂျပန်နိုင်ငံ၏ ဒီဇင်ဘာလ အလုပ်လက်မဲ့နှုန်းသည် ခြောက်နှစ်တာကာလအတွင်း ၄ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ဂျပန်ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

အလုပ်ရ

ဂျပန်နိုင်ငံ၏ ဒီဇင်ဘာလ အလုပ်လက်မဲ့ အရေအတွက်သည် ၂ ဒသမ ၇ သန်းရှိရာ အဆိုပါနှစ်စောစောပိုင်းက ၃၁၀၀၀၀ ကျဆင်းခဲ့သည်။ အလုပ်အကိုင်ရှာဖွေသူ ၁၀၀ လျှင် ၉၄ ဦး အလုပ်ရရှိခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

စင်ကာပူနှင့် ဘရူနိုင်းခေါင်းဆောင်များ နှစ်နိုင်ငံဆက်ဆံရေး အမြင်ချင်းဖလှယ်

စင်ကာပူ ဇန်နဝါရီ ၂၈

စင်ကာပူဝန်ကြီးချုပ် လီရှင်လွန်းနှင့် အလည်အပတ်ရောက်ရှိနေသော ဘရူနိုင်းခေါင်းဆောင် ဆူလ်တန်ဟာဂျီဟက်ဆင်နယ်ဘိုကီးယားတို့သည် ကြာသပတေးနေ့က စင်ကာပူ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံဆက်ဆံရေးနှင့်စပ်လျဉ်း၍ အကောင်းဆုံး နွေးထွေးစွာ ဆွေးနွေးခဲ့ကြောင်း၊ နှစ်နိုင်ငံကြား အထူးပြဿနာများမရှိကြောင်း ကြာသပတေးနေ့က ထုတ်ပြန်သော သတင်းကြေညာချက်၌ ဖော်ပြထားသည်။

လီနှင့် ဆူလ်တန်တို့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း၊ ဒေသဆိုင်ရာအဖွဲ့သည် ဆူနာမီဘေးအန္တရာယ်ကို ထိရောက်စွာ ကူညီပေးခဲ့ကြောင်း၊ အာဆီယံ၏ အဓိကဦးစားပေးအဖြစ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တွန်းအားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း မှတ်ချက်ပြု ပြောကြားကြသည်။

ဆူလ်တန်သည် သူ၏မိသားစုနှင့်အတူ ကြာသပတေးနေ့က စင်ကာပူသို့ ရောက်ရှိလာပြီး စင်ကာပူ အမျိုးသားတက္ကသိုလ်မှ ဥပဒေဒေါက်တာဘွဲ့ကို လက်ခံရယူခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ရွှေတိဂုံစေတီတော် ရွှေစင်၊ ရွှေပြား၊ ရွှေမျက်ပါးသင်္ကန်းတော်ဆက်ကပ်လှူဒါန်းပူဇော်ခြင်း မဟာမင်္ဂလာကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ကြည်ညို၊ ရွှေသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းပူဇော်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ရွှေစင်၊ ရွှေပြား၊ သင်္ကန်းတော်များကို တပ်ဆင်ဆက်ကပ်လှူဒါန်းစဉ်။(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၉

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော် ၂၀၀၅ခုနှစ် ရွှေစင်၊ ရွှေပြား၊ ရွှေမျက်ပါးသင်္ကန်းတော် ဆက်ကပ်လှူဒါန်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၅နာရီခွဲတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ၊ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရ အမှူးပြုတော်မူသော ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ဆန်းဆင့်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံရေး လုပ်ငန်းကော်မတီဝင်များ၊ ရွှေတိဂုံစေတီတော် ရွှေစင်၊ ရွှေပြား၊ ရွှေမျက်ပါး သင်္ကန်းတော် ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဝင်များနှင့် အထောက်အကူပြု လုပ်ငန်းကော်မတီဝင်များ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့အစည်းဝင်များ၊ မြန်မာမှုပညာရှင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ဆရာတော် သံဃာတော်များအား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို နံနက် ၅နာရီခွဲတွင် ရွှေတိဂုံစေတီတော် အင်္ဂါထောင့်ရှိ ရောင်တော်ဖွင့်တန်ဆောင်း၌ ကျင်းပရာ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ရန်ကုန်မြို့တော်ဝန် အမှူးပြုသော ရွှေတိဂုံ စေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းကော်မတီဝင်များ၊ ဒေ့သည်တော်များ၊ ဂေါပကအဖွဲ့ဝင်များ၊ မြန်မာမှုပညာရှင်များနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေစင်၊ ရွှေပြား၊ ရွှေမျက်ပါး သင်္ကန်းတော် ဆက်ကပ်လှူဒါန်းပူဇော်ခြင်း (ပရိကမ္မ) မဟာမင်္ဂလာအခမ်းအနားကို နံနက်၆နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တောင်ဘက်စောင်းတန်းတော် မုခ်ဦးအနီးရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်း သာသနာရေး ဦးစီးဌာနမှူး ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် အစီအစဉ်အရ ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံ ဆရာတော်ကြီးထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တသုတ်အစရှိသော အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အများပြည်သူတို့ လှူဒါန်းသော ရွှေစင်၊ ရွှေပြား၊ ရွှေမျက်ပါးသင်္ကန်းတော်နှင့် လှူဖွယ်ပစ္စည်းများကို သင်္ကတော်ထင်ရှား မြတ်စွာဘုရားအား ရည်မှန်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ဆန်းဆင့်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက နိုင်ငံတော် ဩဝါဒါစရိယဆရာတော်များ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်များနှင့် သံဃာတော်များအား ရွှေစင်၊ ရွှေပြား၊ ရွှေမျက်ပါးသင်္ကန်းတော်များနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက အနုမောဒနာ တရားဟောကြား ချီးမြှင့်တော်မူပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဒေ့ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

လှည့်လည်ပူဇော်

ဆက်လက်၍ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဆက်ကပ်လှူဒါန်းမည့် ရွှေစင်၊ ရွှေပြား၊ ရွှေမျက်ပါးသင်္ကန်းတော်များအား လှည့်လည် အပူဇော်ခံခြင်းအစီအစဉ်ကို ကျင်းပရာ ရွှေတိဂုံစေတီတော် ၂၀၀၅ ခုနှစ် ရွှေစင်၊ ရွှေပြား၊ ရွှေမျက်ပါးသင်္ကန်းတော် ဆက်ကပ်လှူဒါန်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား နဖူးစည်းစာတန်းနှင့် သာသနာ့အလံကိုင်များက ရှေ့မှ ဦးဆောင်လျက် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများက ထီးဖြူတော်မိုး ဥပါသကာများခြံရံကာ ကြွချီတော်မူကြပြီးစေတနာသမ္မာရဝတ်အသင်း၏ ခရုသင်း၊ ကြေးစည်၊ မင်္ဂလာမောင်း၊ ထိုးမောင်းနှင့် မင်္ဂလာစည်တော်အဖွဲ့နှင့် သိကြားမင်း၊ ဗြဟ္မာမင်းနှင့် နတ်မင်းကြီးလေးပါးတို့က နောက်မှ လိုက်ပါကာ တိုင်းမှူး၊ ဝန်ကြီး၊ ရွှေတိဂုံစေတီတော်ထာဝရ ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် ဒေ့သည်တော်များက ရွှေစင်၊ ရွှေပြား၊ ရွှေမျက်ပါး သင်္ကန်းတော်များကို ဒေဝါဝင်းနှင့် ရာဇာဝင်းများ ဝဲယာခြံရံလျက် ပင့်ဆောင်ကြသည်။ ထို့နောက် ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဒေ့ပရိသတ်များ လိုက်ပါကြကာ ရွှေတိဂုံစေတီတော်ကြီးအား ရင်ပြင်တော်ပေါ်၌ လက်ယာရစ်လှည့်လည်ပူဇော်ကာ အထက်ပစ္စယာ၌ လက်ယာရစ် သုံးပတ် လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်အား ဆရာတော် သံဃာတော်များနှင့် ဒေ့ပရိသတ်များက ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင်၊ ရွှေပြား၊ သင်္ကန်းတော်ဆက်ကပ် လှူဒါန်းခြင်း အစီအစဉ်ကို စေတီတော် တတိယငြမ်းပိတ်အထက်၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက ရွှေစင်၊ ရွှေပြားတော်များကို ကြီးကြပ် ပင့်ဆောင်တော်မူကြပြီး ပရိသတ်များက နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ကြသည်။

ရွှေစင်ရွှေပြားတပ်ဆင်ဆက်ကပ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ဆန်းဆင့်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ရွှေစင်၊ ရွှေပြား၊ သင်္ကန်းတော်များကို စတင်တပ်ဆင် ဆက်ကပ်လှူဒါန်းကြပြီး နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။ ထိုသို့ ရွှေစင်၊ ရွှေပြား၊ သင်္ကန်းတော်များ စတင်တပ်ဆင်နေစဉ်တွင် အခမ်းအနားမှူး ဦးစံသင်းလှိုင်က သဗ္ဗမင်္ဂလာအောင်ဂါထာ ပါဠိတော်များဖြင့် ရွတ်ဆိုပူဇော်သည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေမျက်ပါးသင်္ကန်းတော်များ စတင်ဆက်ကပ် လှူဒါန်းခြင်းအစီအစဉ်ကို စေတီတော်ကြီး ကြေးဝန်း၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များနှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဩဝါဒါစရိယ ဆရာတော်များ ကြီးကြပ်ဦးဆောင်တော်မူလျက် တိုင်းမှူး၊ ဝန်ကြီး၊ ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များက ရွှေတိဂုံစေတီတော် ကြေးဝန်း၌ ရွှေမျက်ပါးသင်္ကန်းတော်များကို စတင်ကပ်လှူ ပူဇော်ကြသည်။

ပက်ဖျန်းပူဇော်

ထိုသို့ ကပ်လှူနေစဉ်တွင် အခမ်းအနားမှူး ဦးစံသင်းလှိုင်က သဗ္ဗမင်္ဂလာအောင်ဂါထာ ပါဠိတော်များ ရွတ်ဆိုပူဇော်ပြီး တိုင်းမှူးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော အဖွဲ့ဝင်များက ရွှေတိဂုံစေတီတော်မြတ်ကြီးအား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် ပရိသတ်များက ရွှေတိဂုံစေတီတော် ရွှေစင်၊ ရွှေပြား၊ ရွှေမျက်ပါးသင်္ကန်းတော် ဆက်ကပ်လှူဒါန်းပူဇော်ခြင်းမဟာမင်္ဂလာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကြပြီး စေတနာ သမ္မာရဝတ်အသင်းမှ ခရုသင်း၊ ကြေးစည်၊ မင်္ဂလာမောင်း၊ ထိုးမောင်းနှင့် မင်္ဂလာစည်တော်အဖွဲ့က အောင်စည်အောင်မောင်း သုံးကြိမ်တီးခတ်ပူဇော်ကြကာ ရုပ်သိမ်းလိုက်သည်။

ရွှေတိဂုံ စေတီတော်မြတ်ကြီးအား ရွှေစင်၊ ရွှေပြား၊ ရွှေမျက်ပါးသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းရာတွင် ငွေကျပ် သိန်းပေါင်း၁၈၅၀၀၀ကျော် ကျခံသုံးစွဲမည်ဖြစ်ပြီး ယခုအချိန်တွင် တန်ဖိုးငွေ ကျပ်၄၂၂၁၇၅၀၀၀ ရှိသည့် ရွှေစင်၊ ရွှေပြားပေါင်း ၂၁၆၅ချပ်နှင့် ကျောက်ဆည်မြို့မှ အလှူရှင်တစ်ဦး လှူဒါန်းသည့် ရွှေစင်ပိဿာချိန် တစ်ပိဿာနှင့် နှစ်ကျပ်သား၊ ရန်ကုန်မြို့မှ အလှူရှင်တစ်ဦးလှူဒါန်းသည့် ရွှေစင်တစ်ပိဿာအပါအဝင် အလှူရှင် ၈၃ဦးတို့ လှူဒါန်းသည့် နှစ်ပိဿာ ၆၇ကျပ်သားနှင့် ခုနစ်ပဲရှိသော ရွှေစင်နှင့် လက်ဝတ်ရတနာပစ္စည်း ၁၃၆မျိုးနှင့် အလှူငွေကျပ်သိန်းပေါင်း ၂၂၃၀ ကျော် လက်ခံရရှိထားပြီးဖြစ်သည်။

ကိုယ်တိုင်တပ်ဆင်လှူဒါန်းနိုင်

ရွှေစင်၊ ရွှေပြားလှူဒါန်းသူ အလှူရှင်များအား ရွှေတိဂုံစေတီတော်ကြီးတွင် ကိုယ်တိုင်တက်ရောက် တပ်ဆင်လှူဒါန်းခွင့်ပြုမည်ဖြစ်ပြီး ရွှေစင်၊ ရွှေပြား ဆက်ကပ်လှူဒါန်းခြင်းကို လာမည့် ၂၀၀၅ ခုနှစ် ဧပြီလအတွင်း မြန်မာသက္ကရာဇ် ၁၃၆၇ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့အထိ ဆက်လက်၍ ကိုယ်တိုင်တပ်ဆင် လှူဒါန်းနိုင်ရန် စီစဉ်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အသက်၇၅နှစ်အထက်အဖွဲ့ဝင်များအားထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့ (၁၄) ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်နယ်နိမိတ်အတွင်း) အသက် ၇၅နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ရက် မွန်းလွဲပိုင်းက မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၄)၌ ပြုလုပ်ရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၄) အဖွဲ့ခေါင်းဆောင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ တက်ရောက်၍ အမှာစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၄) အဖွဲ့ခေါင်းဆောင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ထောက်ပံ့ငွေပေးအပ်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့ (၁၄) အဖွဲ့ခေါင်းဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ကော်မတီဝင် ဗိုလ်မှူးကြီး တင်စိုး **(အောက်ပုံ)** နှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်း စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ် ၂၂ မြို့နယ်မှ အသက် ၇၅နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၉၆ဦးတို့အတွက် ထောက်ပံ့ငွေ ကျပ် ၉၆၀၀၀၀ ပေးအပ်ရာ သက်ဆိုင်ရာ မြို့နယ်များမှ စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက လက်ခံရယူကြသည်။ **(က–ပ)**

အမျိုးသားညီလာခံကြီး ရည်မှန်းချက်များနှင့်အညီ အောင်မြင်ပြီးမြောက်စေရေး တက်ရောက်လာသော ပြည်သူများအပါအဝင် နိုင်ငံသားအားလုံး ကျရာကဏ္ဍကကြိုးပမ်း

✡ ***ကျောဖုံးမှ***

အခမ်းအနားမစတင်မီ နံနက် ၇ နာရီမှစ၍ ရမည်းသင်းခရိုင်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများသည် စုရပ်အသီးသီး၌နေရာယူကြပြီး နံနက် ၇ နာရီခွဲမှစတင်ကာ ရှင်လန်းတက်ကြွစွာချီတက်၍ အခမ်းအနားကျင်းပမည့်

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ရွာသစ်ကြီးကျေးရွာ၌ ကျင်းပရာ သဘာပတိ ရမည်းသင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်စိုး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကွင်းအတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ စနစ်တကျနေရာယူကြသည်။

ထို့နောက် အခမ်းအနားကို ကျင်းပရာ သဘာပတိအဖြစ် ရမည်းသင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးဦးတင်စိုးက ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ပျော်ဘွယ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်ထွန်းဖြူ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြင်မြ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်နွဲ့တင်နှင့် ရပ်မိရပ်ဖ ဦးလှမြင့်ကြွယ်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ရမည်းသင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နွယ်နီကိုကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ရမည်းသင်းမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်မာလာက လည်းကောင်း ဆောင်ရွက်ကြသည်။

နိုင်ငံတော်ကိုတည်ဆောက်

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနား စတင်ကြောင်း ကြေညာပြီး အခမ်းအနား တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် သဘာပတိ ရမည်းသင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်စိုးက အမှာစကားပြောကြားရာ၌ ယနေ့ မိမိတို့အားလုံး ဤနေရာ၌ စုဝေးရောက်ရှိလာခြင်းသည် ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကြီးကို အလေးအနက် ဂုဏ်ပြုရန်နှင့် ယခု ဖေဖော်ဝါရီ၁၇ ရက်နေ့တွင် ပြန်လည်ကျင်းပတော့မည့် အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံကြရန်အတွက် ဖြစ်ကြောင်း၊ ရှမ်းပြည်နယ် ပင်လုံမြို့၌ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် တိုင်းရင်းသားအားလုံး တစည်းတလုံးတည်းသော ပြည်ထောင်စုကြီးအဖြစ် ရပ်တည်ပြီး ဥမကွဲသိုက်မပျက် နေထိုင်ကြရန် တညီတညွတ်တည်းဆုံးဖြတ်ခဲ့ကြကြောင်း၊ ယင်းဆုံးဖြတ်ချက်ကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီး ဖြစ်လာခဲ့ကြောင်း၊ ထိုကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပေါင်းစုံ၏ စည်းလုံးညီညွတ်မှု စွမ်းအားကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မိမိတို့အားလုံး သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့ပြီး ဖိနှိပ်အုပ်ချုပ်သွေးစုပ်ခြယ်လှယ်ခဲ့သော တိုင်းတစ်ပါးနယ်ချဲ့လက်အောက်က လွတ်မြောက်လာခြင်းသည် ပြည်ထောင်စုကြီးကို ဖြစ်ပေါ်စေခဲ့သည့် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ပြည်ထောင်စုနေ့ အခမ်းအနားကို နှစ်စဉ်ဂုဏ်ယူဝင့်ကြွားစွာ ကျင်းပခဲ့ကြကြောင်း၊ ယနေ့ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးတာဝန်ကြီးသုံးရပ်ကို ကိုင်စွဲပြီး နိုင်ငံတော်ကြီးကို တည်ဆောက်လျက်ရှိကြောင်း၊ ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ကဏ္ဍပေါင်းစုံ၊ ဒေသပေါင်းစုံ၌ တည်ဆောက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စက်မှုဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍပေါင်းစုံ၌ အင်တိုက် အားတိုက် တည်ဆောက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်တွင် ထုထည်ပမာဏအကြီးမားဆုံးဖြစ်သည့် လယ်ယာကဏ္ဍ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်မြောင်း တာတမံအသစ်များ၊ မြစ်ရေတင် လုပ်ငန်းများကို စီမံကိန်းများရေးဆွဲ၍ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့အကောင်အထည်ဖော်လျက်ရှိကြောင်း၊ မြို့ချင်းဆက်လမ်းများ၊ ရွာချင်းဆက်လမ်းများ တိုးချဲ့ဖောက်လုပ်ခြင်း၊ ရထားလမ်းသစ်များ ဖောက်လုပ်ခြင်း၊ မြစ်ကူးချောင်းကူးတံတားကြီးများ တိုးချဲ့တည်ဆောက်ခြင်း၊ လေဆိပ်အသစ်များ တိုးချဲ့တည်ဆောက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

ဖြန့်ကြက်ပေါ်ထွန်း

တိုးတက်လာမည့်စက်မှုလုပ်ငန်းများနှင့် လူနေမှုစနစ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လျှပ်စစ်ကဏ္ဍအနေဖြင့် နိုင်ငံတော်တွင် အကြီးစား လျှပ်စစ်စွမ်းအား စီမံကိန်းများ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ပဓာနကျသော ပညာရေးကဏ္ဍတွင် ပညာရည်မြင့်မားရေး နှစ်(၃၀)နှစ်ရှည်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်းတွင် ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များ၊ ပြည်နယ်၊တိုင်းအနှံ့ ဖြန့်ကြက်ပေါ်ထွန်းလျက်ရှိနေပြီဖြစ်ကြောင်း။

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ရွာသစ်ကြီးကျေးရွာ၌ ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များကို တွေ့ရစဉ်။ (သတင်းစဉ်)

ကျန်းမာရေး ကဏ္ဍအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးပညာ တိုးချဲ့မြှင့်တင်ပေးခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း၊ ဒေသပေါင်းစုံကို ကြည့်လျှင်လည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ချမှတ်ကာ တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရသည် အေးချမ်းတည်ငြိမ်ပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ထာဝရတည်တံ့စေရန် ယခုကဲ့သို့ အခြေခံကောင်းများ တည်ဆောက်ရင်းနှီးမြှုပ်နှံနေခြင်းသည် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် စနစ်တကျ အသွင်ကူးပြောင်းနိုင်ရန်အတွက်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ခဲ့ကြောင်း၊ထိုလမ်းစဉ်(၇)ရပ်အနက် ပထမဆုံးလမ်းစဉ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများ ချမှတ်ပေးမည့် အမျိုးသားညီလာခံကြီးကို ပြီးခဲ့သည့် ၂၀၀၄ ခုနှစ် မေလမှ စတင်ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါတွင် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သည့် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အမျိုးသားညီလာခံကြီးပြန်လည်စတင်ကျင်းပတော့မည်ဖြစ်ကြောင်း၊ ယနေ့ နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးသည် နိုင်ငံတော်ကြီး၏ ရှေ့ရေးအတွက် အသက်တမျှ အရေးကြီးပါကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံး ကြိုဆိုထောက်ခံကြပါရန် အလေးအနက် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ ဂုဏ်ပြုတင်ပြချက်ကို မန္တလေးတိုင်း ရမည်းသင်းခရိုင် တပ်ကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကြည်ရွှေမြင့်က တင်ပြရာ၌ တစည်းတလုံးတည်းသော ပြည်ထောင်စုကြီးအဖြစ် ရပ်တည်နေထိုင်သွားကြရန် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ ဆုံးဖြတ်ခဲ့သော ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့ဂုဏ်ပြုပြီး ထိုနေ့ကို မိမိတို့နိုင်ငံ၏ ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့ကြကြောင်း။

အနှစ်သာရများ

ယခု ပြည်ထောင်စုနေ့ကို နိုင်ငံတော်အစိုးရက ဦးတည်ချက် (၅)ရပ်နှင့် ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းဦးတည်ချက်များမှာ–

- **ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးတို့ဖြစ်ကြောင်း။**

ယင်းဦးတည်ချက်များသည် နိုင်ငံရေး အနှစ်သာရများဖြင့် ပြည့်စုံနေပြီး ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းကာကွယ်ရင်း နိုင်ငံတော်တည်ငြိမ်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အားနှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်ရေးသည် ဦးတည်ချက်များ၏ အနှစ်သာရဖြစ်ကြောင်း။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ယိုယွင်းပျက်ပြားအောင် ဖန်တီးနေသည့် အဖျက်သမားများ၏ အန္တရာယ်ကို စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်နှင့်တွန်းလှန်ဖယ်ရှားရမည်ဖြစ်ကြောင်းဖြင့် တင်ပြသွားသည်။

ထုတ်ပြန်ကြေညာ

ဆက်လက်၍ အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ ပျဉ်းမနားမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဝင်းဝင်းသီက တင်ပြရာတွင် နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမဆုံးလမ်းစဉ်သည် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားညီလာခံကြီးကျင်းပနိုင်ရေးဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးကို ပြီးခဲ့သည့်နှစ် မေလတွင် စတင်ကျင်းပခဲ့ပြီး မိုးရာသီစိုက်ပျိုးရေးကာလတွင် လုပ်ငန်းများဆောင်ရွက်နိုင်ရန် ခေတ္တရပ်နားကာ ယခု ပွင့်လင်းရာသီဖြစ်သည့် ဖေဖော်ဝါရီလ ၁၇ ရက်တွင် ပြန်လည်ကျင်းပရန်သက်ဆိုင်ရာက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း။

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးရည်မှန်းချက်များနှင့်အညီ အောင်မြင်ပြည့်မြောက်စေရေးအတွက် ယနေ့တက်ရောက်လာကြသည့် ပြည်သူလူထုကြီးအပါအဝင် နိုင်ငံသားအားလုံး ကျရာကဏ္ဍက ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ သို့မှသာ ခိုင်မာသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်ရေးအတွက် ယနေ့နိုင်ငံတော်အစိုးရသည် စနစ်တကျတစ်ဆင့်ချင်းကြိုးပမ်းတည်ဆောက်ခဲ့ခြင်းကို အားလုံးသိမြင်ကြပြီးဖြစ်ကြောင်း။

စာမျက်နှာ ၇ သို့

အမျိုးသားရေးတာဝန်ကြီးသုံးရပ် ကိုင်စွဲတည်ဆောက်

❒ **နိုင်ငံတော်အစိုးရသည်ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးတာဝန်ကြီးသုံးရပ်ကို ကိုင်စွဲပြီး နိုင်ငံတော်ကြီးကို တည်ဆောက် လျက်ရှိ။**

❒ **ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် ကဏ္ဍပေါင်းစုံ၊ ဒေသပေါင်းစုံ၌ တည်ဆောက်လျက်ရှိ။**

စာမျက်နှာ ၆ မှ

အမျိုးသားညီလာခံကြီးကို ကျင်းပနိုင်ပြီဖြစ်သည့်အတွက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းလာမည့် ရောင်ခြည်များ သန်းနေပြီဖြစ်ကြောင်း၊ ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအဖြစ် ပေါ်ထွန်းသည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံး၊ မိမိတို့အားလုံး ပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် စတင်ကျင်းပသည့် အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံကြပါစို့ဟု တိုက်တွန်းပါကြောင်းဖြင့် တင်ပြသွားသည်။

ထို့နောက် ရမည်းသင်းခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ချက်ကို ရမည်းသင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးရဲဝင်းအောင်က တင်ပြရာတွင် မိမိအနေနှင့် ရမည်းသင်းခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို တင်ပြသွားမှာဖြစ်ကြောင်း၊ မိမိတို့အသင်းကြီး၏ စည်းရုံးရေး လက်တွေ့ လုပ်ငန်းစဉ်များအဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး (၅)ရပ်ကို ကြိုးပမ်းအားထုတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြကြောင်း၊ ပြည်နယ်ပြည်မ၊ မြို့ပြနှင့် ကျေးလက် တစ်နိုင်ငံလုံး အကြားအလပ်မရှိ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်က အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြောင်း၊ မိမိတို့ခရိုင်အတွင်း အကျိုးရလဒ်များအနေဖြင့် ကျေးရွာချင်းဆက်လမ်း ပေါင်းမိုင်အားဖြင့် ၅၀ ခန့်ကို ဖောက်လုပ် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အခြေခံပညာမူလတန်းကျောင်းများ ဥပစိရပ်ကောင်းမွန်ရေးအတွက် ၃၂ ကျောင်း ပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ရမည်းသင်းခရိုင်အတွင်း ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းပေါင်း ၁၀၁၈ တွင်း၊ လက်နှိပ်တွင်း ၁၆၄ တွင်းကို သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းပြီး တူးဖော်ပေးနိုင်ခဲ့ကြောင်း။

မိမိတို့ အသင်းက ဦးဆောင်ပြီး ခရိုင်အတွင်း ရေရှားပါးသည့် ရမည်းသင်း၊ ပျော်ဘွယ်၊ တပ်ကုန်းမြို့နယ်များတွင် စက်ရေတွင်း ခြောက်တွင်း၊ လက်နှိပ်တွင်း နှစ်တွင်း တူးဖော်ပေးနိုင်ခဲ့ကြောင်း။

ကျေးလက်နေ ပြည်သူလူထု၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ရမည်းသင်းခရိုင်အတွင်း အဓိကကျသော စိုက်ပျိုးရေ ရရှိရေးကို နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခင်စိုက်ပျိုးရေ မရခဲ့သည့် ဒေသများတွင် စပါးစိုက်ပျိုးနိုင်သည့် အခြေအနေများရနေပြီး ခရိုင်အတွင်း ဆည်ပေါင်း ကိုးဆည် တည်ဆောက်ပေးခဲ့သည့်အတွက် စပါး စိုက်ဧကပေါင်း ၂၉၅၀၈ ဧကရရှိခဲ့ကြောင်း။

ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေးသည်လည်း မိမိတို့အားလုံး၏ စည်းရုံးမှုများကြောင့် တစ်ဦးချင်း၊ တစ်ရွာချင်း ကျန်းမာရေး အခြေအနေကောင်းများ ရရှိနေပြီဖြစ်ကြောင်း။

အကုန်အကျခံပြုပြင်

ဆက်လက်ပြီး တင်ပြလိုသည်မှာ မိမိတို့သည် သောက်သုံးရေရရှိရေးအတွက် ပြီးခဲ့သည့်နှစ်က ဒုတိယအကြိမ် စက်ရေတွင်းလေးတွင်းကို တန်ဖိုးငွေကျပ်သိန်း၂၀ ပံ့ပိုးကူညီပြီး ကျေးရွာလေးရွာ၌ တူးဖော်ပေးနိုင်ခဲ့ကြောင်း၊ အသင်းကြီး၏ စည်းရုံးမှုဖြင့် စေတနာရှင်တစ်ဦး၏ ထောက်ပံ့မှုဖြင့် တန်ဖိုးငွေကျပ် ၃၅သိန်းတန် စက်ရေတွင်းသုံးတွင်း မြို့ပေါ်တွင် တူးဖော်ပေးနိုင်ခဲ့ကြောင်း၊ ရေကောင်းရေသန့် ရရှိရေးအတွက် လိုအပ်နေသည့် ကျေးရွာများအတွက် ရေတွင်းတူးဖော်နိုင်ရေးကို အသင်းကြီးအနေနှင့် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ အခြေခံပညာမူလ တန်းကျောင်းများ ဥပစိရပ်ကောင်းမွန် ရေးအတွက် ပြီးခဲ့သည့်နှစ်က ဒုတိယ အကြိမ်အဖြစ် ကျောင်းပေါင်း ၁၀ ကျောင်းကို တန်ဖိုးငွေကျပ် ၄၅ သိန်း အကုန်အကျခံပြီး ပြုပြင်ပေးခဲ့ကြောင်း။

ယခုနှစ်တွင် ခရိုင်အတွင်းအခြေခံပညာမူလတန်းကျောင်း ငါးကျောင်းကို ငွေကျပ် ၂၁ သိန်း အကုန်အကျခံ ပြုပြင်သွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဆေးခန်းများ ပြုပြင်ရေး၊ စိုက်ပျိုးဧကတိုးချဲ့ရေး၊ ကျေးရွာချင်းဆက်လမ်းဖောက် လုပ်ငန်းကိုလည်း ကြိုးပမ်းစည်းရုံးအကောင်အထည်ဖော်သွားမှာဖြစ်ကြောင်း၊ ဓိဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးလင်းရေးကိုလည်း ခရိုင်အတွင်း ကျေးရွာသုံးရွာ၌ စည်းရုံးဆောင်ရွက်ပေးခဲ့ပြီး ဖွင့်ပွဲလယ်ဝေးမြို့နယ်မှ တံတားဦးမူလတန်းကျောင်း၊ တလုပ်ပင်မူလတန်းကျောင်း၊ ပျော်ဘွယ်မြို့နယ်မှ အုတ်ချိုပင်မူလတန်းကျောင်းနှင့် ပေါက်ခနီးမူလတန်းကျောင်းပြုပြင်ဆောက်ရွက်ခဲ့သည့် မှတ်တမ်းများကို မန္တလေးတိုင်း ရမည်းသင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဆွေက ပေးအပ်ရာ ရမည်းသင်းခရိုင် ပညာရေးမှူး ဦးအောင်ရွှေက လက်ခံရယူသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ဦးဆောင်မှုဖြင့် ကျေးလက်ဒေသရေရရှိရေး ဆောင်ရွက်ခဲ့သော ရမည်းသင်းမြို့နယ်မှ တဘက္ကာရွာ၊ ထနောင်းကုန်းရွာ၊ ပျော်ဘွယ်မြို့နယ် ဝါးရုံစုရွာ၊ မင်းလမ်းရွာ၊ တပ်ကုန်းမြို့နယ် ရွာသစ်ရွာနှင့် ဗျိုင်းအင်းရွာများ၏ စက်ရေတွင်းမှတ်တမ်းများကို ရမည်းသင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဆွေက ရမည်းသင်းခရိုင် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာထံ လွှဲပြောင်းပေးအပ်သည်။



ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ရွာသစ်ကြီးကျေးရွာ၌ကျင်းပရာ အခမ်းအနားမှူးအဖြစ် ရမည်းသင်းခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နွယ်နီကိုနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ရမည်းသင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်မာလာတို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

အခမ်းအနားများကျင်းပပြုလုပ်ခဲ့ကြောင်း၊ နောက်ထပ်လည်း ထီးလှိုင်ရွာတွင် ဓိဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေး စက်ရုံတစ်ရုံ တည်ဆောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အသင်းကြီးအနေနှင့် ယခုလို နယ်မြေလူထုကြီး၏ အကျိုး၊ ရပ်ရွာအကျိုးကိုဆောင်ရွက်နိုင်ခြင်းသည် ပြည်သူလူထုကြီး၏ အားပေးခြင်းကြောင့် ဖြစ်ကြောင်း၊ မိမိတို့ ရှေ့ဆက်ဆောင်ရွက်မည့် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ဆတက်ထမ်းပိုးတိုးပြီး ဆောင်ရွက်မည့်လုပ်ငန်းများတွင် ပြည်သူလူထုကြီးက မိမိတို့နှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းပါကြောင်းဖြင့် တင်ပြသွားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ဆောင်ရွက်မှုဖြင့် ရမည်းသင်းမြို့နယ်မှ အလယ်ကုန်းမူလတန်းကျောင်း၊ လယ်သာမူလတန်းကျောင်း၊ တပ်ကုန်းမြို့နယ်မှ အင်ပင်မူလတန်းလွန်ကျောင်း၊ ဆင်တဲကြီးမူလတန်းကျောင်း၊ ပျဉ်းမနားမြို့နယ်မှ ကုလားရွာမူလတန်းကျောင်း၊ သာယာစုမူလတန်းကျောင်း၊

ထို့နောက် ရမည်းသင်းခရိုင်အတွင်းရှိမြို့နယ်အသီးသီး၌ မူလတန်းကျောင်း ငါးကျောင်း ပြုပြင်ရန်အတွက် ရန်ပုံငွေကျပ် ၂၁သိန်းနှင့် ရမည်းသင်းမြို့နယ် ထီးလှိုင်ကျေးရွာ ဓိဝဓာတ်ငွေ့ လျှပ်စစ်မီးလင်းရေး ရန်ပုံငွေကျပ် ၁၀သိန်း စုစုပေါင်း ၃၁ သိန်းကို ရမည်းသင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဆွေက ဆက်လက်ပေးအပ်ရာ ပျော်ဘွယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းဝင်းက လက်ခံသည်။

ရပ်တည်ခွင့်ရရှိ

ဆက်လက်၍ ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ရွာသစ်ကြီးကျေးရွာ၌ ကျင်းပသည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းအခမ်းအနားတွင် ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ မန္တလေးတိုင်း ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်အောင်က ထောက်ခံဆွေးနွေးရာ၌ ပြည်ထောင်စုနေ့ကို ဖော်ဆောင်သည့် သမိုင်းဝင် စည်းလုံးညီညွတ်မှု စွမ်းပကားကြောင့် မိမိတို့လွတ်လပ်ရေး ရခဲ့ကြောင်း၊ သူ့ကျွန်ဘဝကလည်း လွတ်မြောက်ခဲ့ကြောင်း၊ အချုပ်အခြာအာဏာလည်းရခဲ့ကြောင်း၊ လွတ်လပ်သော နိုင်ငံအဖြစ် နိုင်ငံတကာအလယ်တွင် ပြန်လည်ရပ်တည်ခွင့် ရလာသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ယခုကဲ့သို့ ဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံသည့် ပြည်ထောင်စုနေ့သည် အလွန်တန်ဖိုးထား ဂုဏ်ပြုထိုက်သည့် နေ့ဖြစ်ပါကြောင်း၊ တစ်ဆက်တည်းမှာပင် ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်ကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံဥပဒေမူကြမ်းကို ရေးဆွဲပေးမည့်ညီလာခံကြီးဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးကို ရည်မှန်းချက်များနှင့်အညီ အောင်မြင်ပြီးမြောက်စေရေးအတွက် ယနေ့တက်ရောက်လာကြသည့် ပြည်သူလူထုကြီး တစ်ရပ်လုံးအပါအဝင် နိုင်ငံသားအားလုံးက ကျရာအခန်းကဏ္ဍက ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁၇ရက်တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကြီးကို ပြည်သူလူထု တစ်ရပ်လုံးကိုယ်စား ကြိုဆိုထောက်ခံပါကြောင်းကို အလေးအနက် တင်ပြအပ်ကြောင်း။

ထောက်ခံဆွေးနွေး

တစ်ဆက်တည်းမှာပင် မိမိတို့နယ်မြေဒေသအတွက် နိုင်ငံတော်နှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ဆောင်ရွက်ပေးမှုရလဒ်များအဖြစ် ကျောင်းများ၊ ရေတွင်းများ၊ တံတားများ၊ လမ်းပန်းဆက်သွယ်ရေးနှင့်ကျေးလက်ဒေသ မီးလင်းရေးပါမကျန် လက်တွေ့၊ မျက်တွေ့ပေးအပ်ဆောင်ရွက်ခြင်းကို တွေ့ရသည့်အတွက် အလွန်ပင် အားရကျေနပ်ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ ဆက်လက်ပြီး ဆတက်ထမ်းပိုးတိုးကာ နယ်မြေလူထုအကျိုး၊ ရပ်ရွာအကျိုးကို အသင်းအဖွဲ့အစည်းများက ဝိုင်းဝန်းကြိုးပမ်းပြီး ပြည်သူလူထုနှင့်အတူ မိမိတို့အသင်းကြီးကလည်း ကျရာအခန်းကဏ္ဍက ကူညီဆောင်ရွက်ပေးကြရန် ထောက်ခံအားပေးကြပါစို့ဟု လေးလေးနက်နက်ထောက်ခံဆွေးနွေးသွားသည်။

အတည်ပြုဆုံးဖြတ်

ဆက်လက်၍ သဘာပတိက အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီး၏ ဆန္ဒသဘောထားကိုရယူရာ ပြည်သူလူထုကြီးက သဘောတူကြောင်း တစ်ခဲနက် ဆန္ဒပြုကြသည့်အတွက် ပြည်ထောင်စုနေ့ကို ပြည်သူလူထုကြီးက အလေးအနက်ဂုဏ်ပြုကြောင်း၊ ဒို့တာဝန် အရေးသုံးပါးကို ပြည်သူလူထုကြီးက စောင့်ထိန်းမည်ဖြစ်ကြောင်း၊အမျိုးသားညီလာခံကို ပြည်သူလူထုကြီးက ကြိုဆိုထောက်ခံကြောင်းနှင့် ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြိုဆိုထောက်ခံကြောင်းတို့ကို ဤပြည်သူလူထု အစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး အခမ်းအနားကို နံနက် ၉ နာရီခွဲတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
* ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

သက်တော် (၁၀၄)နှစ်ပြည့် ဘဒ္ဒန္တရေဝတအား ချီးကျူးပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

ဗဟန်းမြို့နယ် ဆရာစံတောင်(စံပြ)ရပ်ကွက် အနောက်မြို့ပတ်လမ်း မြန်အောင်ကျောင်းတိုက်တွင် တစ်ပါးတည်း သီတင်းသုံးနေထိုင်တော်မူသော ဆရာတော် ဘဒ္ဒန္တရေဝတ မြန်အောင်ဆရာတော်ကြီး၏ ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်တော်မူသော သက်တော်(၁၀၄)နှစ်ပြည့် သက်တော်ရှည်ချီးကျူးပူဇော်ပွဲကို ဖေဖော်ဝါရီ၁၇ ရက်မှ ၂၃ ရက်အထိ ခုနစ်ရက်တိုင်တိုင် ညစဉ် တရားပွဲများဖြင့် ကျင်းပမည်ဖြစ်သည်။ ပူဇော်ပွဲကို ဗဟန်းမြို့နယ် ဆရာစံတောင်(စံပြ)ရပ်ကွက် မဟာမြင့်မိုရ်လမ်း အနောက်ဘက်ထိပ်ရှိ မဟာသိမ်တော်ကြီးတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၃၀-၁-၂၀၀၅(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၀ ၇။ အဆိုပြိုင်ပွဲ
၈း၂၀ ၈။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) နမ့်မွေတံတား
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Say it in English

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ"** (အပိုင်း-၇)
၁၂း၁၅ ၅။ ဘိုင်းဒါးရေလှောင်တမံ
၁၂း၂၅ ၆။ မြန်မာရုပ်ရှင် **"မချစ်တတ်သောမိန်းမ အချစ်ငတ်သောယောကျ်ား"** (လွင်မိုး၊ ဝိုင်း၊ မင်းသူ၊ ထွန်းအိန္ဒြာဗို၊ ဆုပိုပိုအောင်) ဒါရိုက်တာ-နောင်ထွန်းလွင်၊ ညီညီထွန်းလွင်
၁၄း၄၅ ၇။ International News

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၀ ၄။ (၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၆း၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇း၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇း၁၅ ၇။ မြန်မာစာ မြန်မာစကား
၁၇း၃၀ ၈။ တေးဂီတအစီအစဉ်
၁၇း၄၀ ၉။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၇း၄၅ ၁၀။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၃၀ ၁၁။ ညနေခင်းသတင်း
၁၉း၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း-၅၀)
၁၉း၃၅ ၁၄။ (၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၄၅ ၁၅။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ(ပြည်ထောင်စုကြီး စုစည်းခိုင်မာ ဖွံ့ဖြိုးသာယာ)**
၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"** (အပိုင်း-၁၄)

စီမံကိန်းများ၊ လုပ်ငန်းစဉ်များကို စနစ်တကျ တစ်နိုင်ငံလုံး ဖြန့်ကြက်ဆောင်ရွက် စီးပွားရေး၊ လူမှုရေး အခြေခံများ တောင့်တင်းခိုင်မာလာနေသည်ကို အားလုံးအသိပင်ဖြစ်



သဘာပတိ အဖွဲ့ဝင်များ

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ကျိန္တလီမြို့၌ ကျင်းပရာ သဘာပတိနှင့် သဘာပတိ အဖွဲ့ဝင်များအား တွေ့ရစဉ်။

(သတင်းစဉ်)

✱ *ကျောဖုံးမှ*

အခမ်းအနားမကျင်းပမီ နံနက်ပိုင်းမှစတင်၍ တောင်ကုတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းဝေ ခေါင်းဆောင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများပါဝင်သည့် အင်အား ၃၀၀ ရှိ တောင်ကုတ်မြို့နယ် ကိုယ်စားပြုစစ်ကြောင်း၊ ဂွမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်အောင် ခေါင်းဆောင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများပါဝင်သည့် အင်အား ၅၀၀ရှိ ဂွမြို့နယ် ကိုယ်စားပြုစစ်ကြောင်းနှင့် ကျိန္တလီမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမင်းလွင် ခေါင်းဆောင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ဌာနဆိုင်ရာများ ပါဝင်သည့် အင်အား ၆၅၀ရှိ ကျိန္တလီမြို့ ကိုယ်စားပြုစစ်ကြောင်းတို့သည် ဂွ–တောင်ကုတ်ကားလမ်းတစ်လျှောက် စုရပ်အသီးသီးတို့မှနေ၍ လည်းကောင်း၊ သံတွဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစန်းနိုင် ခေါင်းဆောင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများပါဝင်သည့် အင်အား ၇၀၀ရှိ သံတွဲမြို့နယ် ကိုယ်စားပြု စစ်ကြောင်းသည် ဗိုလ်ဗဒင်လမ်းစုရပ်မှနေ၍ လည်းကောင်း သိပွဲလမ်းအတိုင်း ချီတက်လာကြပြီး အခမ်းအနားကျင်းပမည့် ကျိန္တလီ အားကစားကွင်းအတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ စနစ်တကျ နေရာယူကြသည်။

ထို့နောက် အခမ်းအနားကို နံနက် ၇နာရီတွင် စတင်ကျင်းပရာ သဘာပတိအဖြစ် ရခိုင်ပြည်နယ် သံတွဲခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမြင့်ဦးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြို့မိမြို့ဖဖြစ်သူ ကျိန္တလီမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး(အငြိမ်းစား) ဦးထိန်လင်း၊ သံတွဲမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်အေး၊ သံတွဲခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်မေမြင့်နှင့် ဂွမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သိန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် သံတွဲခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်မို့မို့သွင်ကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် သံတွဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သပြေညွှန့်ကလည်းကောင်း ဆောင်ရွက်ကြသည်။

နိုင်ငံတော်အလံအားအလေးပြု

ရှေးဦးစွာ အခမ်းအနားမှူးက သဘာပတိ၏ခွင့်ပြုချက်အရ အခမ်းအနားစတင်ကြောင်း ကြေညာပြီး အခမ်းအနားသို့တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ ရခိုင်ပြည်နယ် သံတွဲခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမြင့်ဦးက အမှာစကားပြောကြားရာတွင် မကြာခင်ကျရောက်မည့် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ၁၂ရက်နေ့သည် တိုင်းရင်းသားပြည်သူများအားလုံး ခိုင်မာသည့်စုစည်းမှုပြယုဂ်နှင့် ပြည်ထောင်စုကြီးကို ဖြစ်ပေါ်စေခဲ့သော သမိုင်းဝင်(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်ကြောင်း၊ ဤသမိုင်းဝင်နေ့ထူးနေ့မြတ်ကြီးကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းအခမ်းအနားကျင်းပနိုင်သည့် ယနေ့သည် ကျက်သရေ မင်္ဂလာအပေါင်းနှင့်အထူးပင်ပြည့်ဝသောနေ့ ဖြစ်ပါကြောင်း ပဏာမပြောကြားလိုကြောင်း။

စည်းလုံးညီညွတ်မှုအပေါ်အခြေတည်

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ ဖြစ်ပေါ်တိုးတက်မှုကို သမိုင်းအမြင်ဖြင့် လေ့လာသုံးသပ် ကြည့်လျှင် နိုင်ငံ၏ ကောင်းကျိုးဆိုးပြစ်၊ တိုးတက်မှု၊ ဆုတ်ယုတ်မှုများသည် တိုင်းရင်းသားလူမျိုးများ၏စည်းလုံးညီညွတ်မှုအပေါ်တွင် အခြေတည် ပြီး ဖြစ်ပေါ်ရကြောင်း တွေ့ရှိကြရမည် ဖြစ်ကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားကောင်းသည့် အခါကာလများတွင်မြန်မာနိုင်ငံတော်၏ အင်အားသည် တောင့်တင်းခိုင်မာပြီး ခမ်းနားထင်ရှား ဂုဏ်မြင့်မားခဲ့ရသကဲ့သို့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုအားနည်းလာသည့် အခါကာလများတွင် နိုင်ငံတော်အင်အားသည် ယုတ်လျော့ပြီးအဘက်ဘက်က နိမ့်ကျအားနည်းခဲ့ရသည်ကို ထင်ထင်ရှားရှား ကြုံခဲ့ရပြီးဖြစ်ကြောင်း။

အရှိန်အဟုန်ပိုမိုမြင့်မား

ဗြိတိသျှနယ်ချဲ့တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲပြီး သိမ်းပိုက်ခဲ့ကြကြောင်း၊ မြန်မာတိုင်းရင်းသား လူမျိုးပေါင်းစုံတို့သည် သူ့ကျွန်မခံဇာတိမာန်ဖြင့် ဆန့်ကျင်တွန်းလှန် တိုက်ခိုက်ခဲ့ကြကြောင်း၊ ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာတိုင်းရင်းသားပေါင်းစုံတို့၏ သွေးစည်းညီညွတ်မှုကို သိမြင်သည့်အတွက် ဖြိုခွင်းရန်နည်းလမ်းပေါင်းစုံနှင့် သပ်လျှိုခဲ့ရာတွင် တိုင်းရင်းသားအချင်းချင်း နားလည်မှုလွဲမှားပြီး တစ်ဦးကိုတစ်ဦး မယုံသင်္ကာစိတ်များ ဖြစ်ပေါ်အောင် လူမျိုးရေးအရ လည်းကောင်း၊ လူမှုရေးအရ လည်းကောင်း၊ အုပ်ချုပ်ရေးအရ လည်းကောင်း လုပ်ကြံဖန်တီးခဲ့ကြကြောင်း၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုအရှိန်အဟုန်ပိုမိုမြင့်မားလာပြီး မြန်မာနိုင်ငံကို လွတ်လပ်ရေးမပေးလျှင် မဖြစ်တော့သည့်အနေအထားကို ဆိုက်ရောက်နေချိန်တွင် တောင်တန်းဒေသများကိုချန်လှပ်ထားရန် ကြံစည်ခဲ့ကြသေးကြောင်း၊ သို့ရာတွင် ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုစိတ်ဓာတ်၏ အောင်ပွဲရလဒ်အဖြစ် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် သမိုင်းဝင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုကာ သွေးစည်းညီညွတ်မှုကို ပြသလိုက်သည့်အတွက် အဆုံး၌ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော် အဖြစ် ရောက်ရှိလာခဲ့ကြောင်း။

ဤကဲ့သို့ တိုင်းရင်းသားများ၏စည်းလုံးမှုအောင်ပွဲဖြစ်သည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့ကစပြီး ရေတွက်လျှင် မကြာမီကျရောက်မည့် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့ဆိုလျှင် ၅၈နှစ်ကာလသို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း။

ဝိုင်းဝန်းလက်တွဲကြိုးပမ်း

ထိုကဲ့သို့ ထူခြားသည့် သမိုင်းဖြစ်စဉ်ကို ဖြစ်ပေါ်စေခဲ့ခြင်းသည် တိုင်းရင်းသားများ၏ ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်ထောင်တည်းဟု စွဲမြဲစွာလက်ခံမှတ်ယူထားသည့် သဘောထားခံယူချက်ပင်ဖြစ်သကဲ့သို့ မျိုးရိုးသံယောဇဉ်၊ ဒေသသံယောဇဉ်များဖြင့် ရစ်ပတ်ဖွဲ့နှောင်လျက် အမျိုးကိုစောင့်ရှောက်လိုမှု၊ အမျိုးကို ချီးမြှောက်လိုမှုဆိုသည့် မျိုးချစ်စိတ်ဓာတ် တစ်နည်းအားဖြင့် ပြည်ထောင်စု စိတ်ဓာတ်အခြေခံပင် ဖြစ်ကြောင်း၊ ပြည်ထောင်စုနိုင်ငံဘဝကို ခိုင်မြဲအောင်ဦးဆောင်ထိန်းသိမ်းနိုင်ခြင်းမရှိသည့်အတွက် ဖရိုဖရဲပြိုကွဲခဲ့ရသည့် အခြေအနေများနှင့် စုစည်းညီညာပေါင်းစည်းသည့်အတွက် အင်အားခိုင်မာကာ ပြည်ရွာတိုင်းကျိုး ဖွံ့ဖြိုးတိုးတက်လျက်ရှိကြသည့် အခြေအနေများကို ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းတစ်လျှောက် ခိုင်မာသောသင်ခန်းစာရှိခဲ့ပြီးဖြစ်သကဲ့သို့ ကမ္ဘာ့နိုင်ငံအချို့က လည်း သာဓကပြလျက် ရှိနေသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ခိုင်ခိုင်မြဲမြဲ ဝိုင်းဝန်းလက်တွဲကြိုးပမ်းသွားရမည့်အရေးသည် တိုင်းရင်းသားအားလုံး၏ သမိုင်းပေးတာဝန်၊ အမျိုးသားရေးတာဝန်ပင် ဖြစ်ကြောင်း။

ယင်းကဲ့သို့ သမိုင်းသင်ခန်းစာအရ အနာဂတ်နိုင်ငံတော်သစ်ခရီးကို ရှေးရှုရာတွင် ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ခံယူရမည့် အမျိုးသားရေးခံယူချက်ဖြစ်၍ ဒို့တာဝန်အရေးသုံးပါးကို တစ်မျိုးသားလုံး ဦးထိပ်ပန်ဆင် ခံယူကျင့်သုံးသွားကြရမည်ဖြစ်ကြောင်း ပြောကြားလိုကြောင်း။

အလွန်အရေးကြီး

ယင်းအမျိုးသားရေး မူဝါဒနှင့်အညီ အနာဂတ်၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်စေရေးအတွက် ရည်မှန်းချက်ပန်းတိုင်ကို စနစ်တကျ ချီတက်လျှောက်လှမ်းနေချိန်တွင် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ သိမ်မွေ့ညင်သာစွာ ကူးပြောင်းရောက်ရှိစေရန် နိုင်ငံသစ်၏ ပုံသဏ္ဌာန်နှင့် ကိုက်ညီမည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီးကို အောင်မြင်အောင် ကျင်းပသွားနိုင်ရေးသည် အလွန်အရေးကြီးကြောင်း၊ ၁၉၉၆ခုနှစ်ကစပြီး ယာယီအားဖြင့် ဆိုင်းငံ့ထားခဲ့ရသော အမျိုးသားညီလာခံကြီးကို ၂၀၀၄ခုနှစ် မေလ၁၇ရက်က ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ပြန်လည် ကျင်းပနိုင်ခဲ့ပြီးဖြစ်သကဲ့သို့ မကြာမီ ကျရောက်မည့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကြီး၏အလွန် ဖေဖော်ဝါရီလ၁၇ရက်နေ့တွင် ဒုတိယအကြိမ် ပြန်လည်ကျင်းပသွားတော့မည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီး အောင်မြင်ရေးသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးကြောင်း၊ မိမိတို့ ပြည်သူတစ်ရပ်လုံးသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ ပါဝင်ရမည်ဖြစ်သည့်အပြင် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်ရာ၌ မလိုလားအပ်သည့် အဖျက်အမှောင့်အန္တရာယ်များ တားဆီးကာကွယ်ရေးလုပ်ငန်းများကိုလည်း ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားလိုကြောင်း။

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ကျိန္တလီမြို့၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် သံတွဲခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မို့မို့သွင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် သံတွဲမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သပြေညွှန့်တို့က ဆောင်ရွက်ကြစဉ်။

(သတင်းစဉ်)

ချီတက်

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ကျိန္တလီမြို့၌ကျင်းပရာ အခမ်းအနားသို့ သံတွဲမြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများ ချီတက်လာကြစဉ်။

(သတင်းစဉ်)

အမှာစကား ပြောကြား

သဘာပတိ ရခိုင်ပြည်နယ် သံတွဲခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးစောမြင့်ဦး အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

သက်သေသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေးသည်လည်း တိုင်းရင်းသား စည်းလုံးညီညွတ်မှုအပေါ် တည်မှီနေသည်မှာ ထင်ရှားလှကြောင်း။

ကာကွယ်စောင့်ရှောက်ပေး

၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် လွတ်လပ်ရေးရခဲ့ပြီး နိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းရင်းသားအားလုံးလက်တွဲညီညီ ဆောင်ရွက်ကြရမည့်အချိန်ကာလဖြစ်သော်လည်း နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု စနစ်အမွေဆိုး၊ဒေသစွဲ၊ လူမျိုးစွဲ၊ အတ္တစွဲ၊ဝါဒစွဲများကြောင့် ရောင်စုံသောင်းကျန်းမှုကြီး ပေါ်ပေါက်ခဲ့ကြောင်း၊ တပ်မတော်သည် ပြည်ထောင်စုကြီး ပြိုကွဲရမည့်အခြေအနေ၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲရမည့် အခြေအနေများတွင် ပြည်သူများရှေ့မှ မားမားမတ်မတ်ရပ်တည်ကာ ကာကွယ်စောင့်ရှောက်ပေးခဲ့ကြောင်း။

ယနေ့ အချိန်အခါတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(တပ်မတော်အစိုးရ)သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ **‘ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်’** ဆိုသော စကားအတိုင်း အမျိုးသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်ခဲ့ကြောင်း၊ ပြည်တွင်း

ဦးထိပ်ပန်ဆင်

ထို့ကြောင့်နှစ်ပေါင်းထောင်ချီပြီး ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် သွေးစည်းချစ်ကြည်စွာ နေထိုင်လာခဲ့ကြသော ပြည်သူလူထုတစ်ရပ်လုံးက ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ အဓွန့်ရှည် တည်တံ့ခိုင်မြဲနေအောင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုနေ့ ဦးတည်ချက်များကို ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြပါစို့ဟု ပြောကြားရင်း (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို သံတွဲခရိုင် ပြည်သူလူထုတစ်ရပ်လုံး၏ ကိုယ်စား လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုပါကြောင်းဖြင့် ရှင်းလင်းတင်ပြသွားသည်။

အကောင်အထည်ဖော်

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ တောင်ကုတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကိုကိုတင်က တင်ပြရာ၌ အားလုံးသိပြီးဖြစ်ကြသည့်အတိုင်း နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော် ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဖြစ်ကြောင်း၊ ယခုအခါ အမျိုးသားညီလာခံကြီး ကျင်းပနိုင်ပြီဖြစ်သည့်အတွက် နိုင်ငံ၏အသက်တမျှအရေးကြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာမည့် ရောင်ခြည်များသန်းနေပြီဖြစ်ကြောင်း၊ တစ်ဆင့်ပြီး တစ်ဆင့် စနစ်တကျ တည်ဆောက်သွားခြင်းဖြင့် မူဝါဒလမ်းစဉ်(၇) ရပ်လုံး အောင်မြင်လာမည် ဖြစ်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားအဖြစ် ပေါ်ထွန်းလာသည့် မူဝါဒလမ်းစဉ်(၇) ရပ် အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံး၊ မိမိတို့အားလုံး ပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့ သတိပြုရမည်မှာ အဖျက်အမှောင့်အန္တရာယ်ပင်ဖြစ်ကြောင်း၊

ပြည်ထောင်စုကြီးထာဝရတည်တံ့ခိုင်မြဲရေး တိုင်းရင်းသားများတက်ညီလက်ညီထိန်းသိမ်း ဒို့တာဝန်အရေးသုံးပါးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးအဖြစ်ခံယူ

ထာဝရတည်တံ့နိုင်မြဲရေး

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်သစ်ခရီးကို လျှောက်လှမ်းရာတွင် အတိတ်ကာလက ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် သမိုင်းသင်ခန်းစာများအပေါ် အခြေခံပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့ကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇) ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးဆိုသည့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ တိုင်းရင်းသားပြည်သူအားလုံးက ကျရာအခန်းကဏ္ဍက ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ ဂုဏ်ပြုတင်ပြချက်ကို သံတွဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးစန်းနိုင်က တင်ပြရာ၌ ၁၈ရာစု၊ ၁၉ရာစုအတွင်း အနောက်နိုင်ငံများ၌ စက်မှုထွန်းကားလာပြီး အင်အားကြီးမားကာ နယ်ချဲ့စနစ်၊ လက်ဝါးကြီးအုပ်စီးပွားရေးစနစ်များ ဖန်တီး၍ လာခြင်းကြောင့် အရှေ့အာရှနိုင်ငံအများစုသည် ကိုလိုနီဘဝကို ရောက်ခဲ့ရကြောင်း၊ မြန်မာနိုင်ငံသည်လည်း ကိုလိုနီဘဝရောက်ခဲ့ရကြောင်း၊ ကိုလိုနီဘဝ၏ ဆိုးကျိုးများကို အမျိုးမျိုးခံစားခဲ့ရကြောင်း၊ ပြည်ထောင်စုဖွားတိုင်းရင်းသားတို့သည် သွေးစည်းညီညွတ်စွာဖြင့် လွတ်လပ်ရေးပြန်လည်ရရှိအောင် နည်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့ကြကြောင်း။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် ပင်လုံမြို့၌ တိုင်းရင်းသားခေါင်းဆောင်များပါဝင်သော ညီလာခံကို ကျင်းပခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ယင်းပင်လုံ

ပြည်ထောင်စုနေ့ ဂုဏ်ပြုတင်ပြချက်ကို သံတွဲမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးစန်းနိုင်ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ တောင်ကုတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကိုကိုတင်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ပမှ ပယောဂအမျိုးမျိုးတို့၏ တွန်းပို့မှုကြောင့် တောတွင်းရောက်သွားခဲ့ကြသည့် တိုင်းရင်းသားသွေးချင်းညီနောင်များသည်လည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်၏ သဘောထားစေတနာမှန်ကို ယုံကြည်အားထားလာကာ ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး တိုင်းကျိုးပြည်ပြုလုပ်ငန်းများ စွမ်းစွမ်းတမံ ဆောင်ရွက်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(တပ်မတော်အစိုးရ)သည် မဖွံ့ဖြိုးသေးသည့် နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများအားလုံး ဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တည်ဆောက်ကာကွယ်ကြရမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးကို ၂၀၀၄ခုနှစ် မေလမှစတင်ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ မိုးရာသီစိုက်ပျိုးရေးကာလတွင် ကိုယ်စားလှယ်ကြီးများ လုပ်ငန်းဆောင်ရွက်မှု ထိခိုက်မှုမရှိစေရေးအတွက် ခေတ္တရပ်နားခဲ့ပြီး ယခုပွင့်လင်းရာသီဖြစ်သော ဖေဖော်ဝါရီ၁၇ ရက်တွင် ပြန်လည်ကျင်းပရန် သက်ဆိုင်ရာများက ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ကြောင်း။

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အရေးအကြီးဆုံးဖြစ်ကြောင်း။

စနစ်တကျကြိုးပမ်းတည်ဆောက်

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်ရန်အတွက် ယနေ့နိုင်ငံတော်အစိုးရသည် တစ်ဆင့်ချင်း တစ်ဆင့်ချင်း စနစ်တကျကြိုးပမ်းတည်ဆောက်ခဲ့သည်ကို အားလုံးသိမြင်နေကြပြီး ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် အတူတကွနေထိုင်ကြခြင်းကြောင့် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုသည် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်ကြောင်း။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်တည်ငြိမ်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်ကို အားလုံးသိကြပြီးဖြစ်ကြောင်း၊ နိုင်ငံတော်

သံတွဲခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဂွမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုးဝင်းက ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)



ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ ကျိန္တလီမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်ခင်စမ်းရီက ထောက်ခံဆွေးနွေးစဉ်။

(သတင်းစဉ်)

တည်ငြိမ်မှုရရှိမှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယနေ့ကာလသည် နိုင်ငံတော်အေးချမ်းတည်ငြိမ်မှုအရှိဆုံး ဖြစ်သည့်အတွက် အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းအောင် နိုင်ငံတစ်ဝန်းလုံးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်း သုံးရပ်ဖြင့် ဖော်ဆောင်ခဲ့ကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ် ဖွံ့ဖြိုးရေးတို့ကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

တောင့်တင်းခိုင်မာ

ယင်းစီမံကိန်းများ၊ လုပ်ငန်းစဉ်များကို စနစ်တကျတစ်နိုင်ငံလုံးဖြန့်ကြက်ဆောင်ရွက်လျက်ရှိခြင်းကြောင့် စီးပွားရေး၊ လူမှုရေးအခြေခံများ တောင့်တင်းခိုင်မာလာနေပြီဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ယခုမိမိတင်ပြသည့်ရလဒ်များသည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးအတွက် တန်ဖိုးမဖြတ်နိုင်သည့် အရင်းအနှီးများ

မိမိတို့ နိုင်ငံတော်ကြီး၏ ဖွံ့ဖြိုးတိုးတက်လာမှုများကို မနာလိုမရှုဆိတ်ဖြစ်နေကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်များကို တွန်းလှန်ဖြိုဖျက်ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို ယိုယွင်းပျက်ပြားအောင် ဖန်တီးလုပ်ဆောင်မှုတွေကို သတိရှိပြီး တွန်းလှန်ဖယ်ရှားပစ်ရမည်ဖြစ်ကြောင်း။

၎င်းနှင့်ပတ်သက်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးသည် ၂၀၀၃ခုနှစ်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ လူထုအစည်းအဝေးကြီးတစ်ရပ် ကျင်းပပြီး မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ပူးပေါင်းဆောင်ရွက်ရန် ကြေညာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

တန်ဖိုးထားလေးစား

နိုင်ငံတော်အကြီးအကဲက ချမှတ်ထားသော မူဝါဒလမ်းစဉ်များနှင့်အညီ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုဖြင့် တည်ဆောက်ခဲ့သော ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲအောင်၊ ပြည်ထောင်စုကြီးကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာအောင် စတင်ကျင်းပနိုင်ပြီဖြစ်သည့် အမျိုးသားညီလာခံကြီးကို တန်ဖိုးထားလေးစားပြီး ကြိုဆိုထောက်ခံကြပါစို့ဟု တိုက်တွန်းပြောကြားသွားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် သံတွဲခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဂွမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုးဝင်းကတင်ပြရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ကျေးလက်နေပြည်သူများသည် လူဦးရေ၏ ၇၀ရာခိုင်နှုန်းကျော်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

တိုင်းရင်းသားအားလုံး၏သမိုင်းပေးတာဝန်

- ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ခိုင်ခိုင်မြဲမြဲ ဝိုင်းဝန်းလက်တွဲကြိုးပမ်းသွားရမည့်အရေးသည် တိုင်းရင်းသားအားလုံး၏ သမိုင်းပေးတာဝန်၊ အမျိုးသားရေးတာဝန်ပင်ဖြစ်၊
- အမျိုးသားရေး မူဝါဒနှင့်အညီ အနာဂတ်၌အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်စေရေး ရည်မှန်းချက်ပန်းတိုင်ကို စနစ်တကျချီတက် လျှောက်လှမ်းနေချိန်တွင် ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ သိမ်မွေ့ညင်သာစွာ ကူးပြောင်း၊
- နိုင်ငံသစ်၏ ပုံသဏ္ဌာန်နှင့်ကိုက်ညီမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီးကို အောင်မြင်အောင် ကျင်းပသွားနိုင်ရေးသည် အလွန်အရေးကြီး။

မိဘမဲ့ကလေးများ၏ဘဝလှပဖို့ ဝိုင်းဝန်းကူညီစောင့်ရှောက်စို့

ကျွန်တော်သည် ရန်ကုန်မှ ကျွန်တော့်ညီမရှိရာ မန္တလေးသို့ အလည်အပတ်ခရီးသွားခဲ့ရာ ညီမတို့ဇနီးမောင်နှံက လိုက်ပို့ပေးသဖြင့် မန္တလေးမြို့ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကလေးပြုစုရေးဌာနသို့ ရောက်ခဲ့သည်။ ညီမ၏ခင်ပွန်း မွေးနေ့အထိမ်းအမှတ်အဖြစ် ဤဌာနသို့ ငွေပဒေသာပင်စိုက်ထူ အလှူပြုလုပ်ရန်အတွက် ရောက်ခဲ့ခြင်းဖြစ်သည်။

ဤကလေးပြုစုရေးဌာန၏ လက်ကမ်းစာစောင်တွင် ဌာန၏ရည်ရွယ်ချက်ကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

(က) ကလေးသူငယ်များသည် ယင်းတို့၏အခွင့်အရေးကို ဥပဒေနှင့်အညီ အပြည့်အဝခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရန်။

(ခ) နိုင်ငံတော်၏ မေအင်အားပေါ်မူတည်၍ ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်ရန် စသည့် နိုင်ငံတော်က ချမှတ်ပေးထားသော ကလေးသူငယ်ဆိုင်ရာ မူဝါဒများကို ကဏ္ဍတစ်ရပ်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဂ) အကြောင်းအမျိုးမျိုးကြောင့် လူမှုရေးချို့တဲ့နေသည့် ကလေးများနှင့် စောင့်ရှောက်သူမဲ့ ကလေးများအား မွေးစမှ အသက်ငါးနှစ်အရွယ်အထိ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုစုစောင့်ရှောက် ပျိုးထောင်ပေးရန်။

(ဃ) ခန္ဓာကိုယ်ဖွံ့ဖြိုးမှုနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုအားနည်းသော ကလေးများကို အသက်ငါးနှစ်ထက်ကျော်လွန်၍ ပြုစုစောင့်ရှောက်ပေးရန်။

ဤဌာနတွင် မွေးကင်းစမှ ငါးနှစ်သားအတွင်းကလေးများကို ပြုစုစောင့်ရှောက်ထားပါသည်။ လက်ခံသည့်ကလေးအမျိုးအစားများမှာ –

(က) မိဘမဲ့ကလေး၊

(ခ) မိခင်၊ သို့မဟုတ် ဖခင်ကွယ်လွန်သည့်ကလေး၊

(ဂ) မိဘအိမ်ထောင်ကွဲ ကလေး၊

(ဃ) စွန့်ပစ်ခြင်းခံရသည့် ကလေး၊

(င) ဌာနပိုင်ပေးခြင်းခံရသော ကလေး၊

(စ) မိဘနှစ်ပါးမှ တစ်ဦးဦးမကျန်းမာ၍လည်းကောင်း၊ တရားဥပဒေအရ အပြစ်ကျနေ၍လည်းကောင်း အပ်နှံသည့် ကလေးများ။

ဤဌာနတွင် ငါးနှစ်အောက် ကလေး၂၀ခန့်ကို ပြုစုစောင့်ရှောက်ထားသည်။ မိဘစွန့်ပစ်သွားသော နှစ်လသားအရွယ်ကလေးတစ်ဦးကို ပုခက်တွင်းမှာ တွေ့သည်။ အသည်းရောင်အသားဝါ(ဘီပိုး)ရောဂါ စွဲကပ်နေသော လသားအရွယ် ကလေးတစ်ဦးနှင့် အေအိုင်ဒီအက်စ်(AIDS)ရောဂါဝေဒနာရှင် ကလေးတစ်ဦးတို့ကိုလည်း သီးသန့်အခန်းတွင်းမှာ ပြုစုစောင့်ရှောက်ထားသည်ကို တွေ့ရသည်။ ကလေးများကြားတွင် ထူးထူးခြားခြား ၁၂နှစ်အရွယ်ခန့် မိန်းကလေးတစ်ဦးကို တွေ့ရ၍ မေးကြည့်ရာ ဤကလေးမကို ငယ်စဉ်ကတည်းက ဌာနမှ ပြုစုစောင့်ရှောက်ခဲ့ကြောင်း၊ သို့သော် အောက်ပိုင်းမစွမ်းမသန်နှင့် ဦးနှောက်လည်းငယ်နေ၍ စာသင်လို့လည်းမရသဖြင့် ဤဌာနမှာပင် ဆက်လက်စောင့်ရှောက်ထားရကြောင်း သိရသည်။ ဤဌာနသည် ကလေးများကို မွေးစမှ ငါးနှစ်အထိ ပြုစုစောင့်ရှောက်ပြီး ငါးနှစ်သားပြည့်၍ စာသင်သည့်အရွယ်ရောက်လျှင် လူမှုဝန်ထမ်းကျောင်းသို့ ဆက်လက် လွှဲပြောင်းပေးကြောင်း သိရသည်။

ကလေးများကိုကြည့်နေမိရင်း ကျွန်တော် အတော်စိတ်မကောင်းဖြစ်နေမိသည်။ တွေးစရာ၊မေးစရာတွေ ပေါ်လာသည်။ ကလေးတွေ ဘာကြောင့် ဒုက္ခရောက်ကြရတာလဲ၊ ဘာကြောင့်စွန့်ပစ်ခြင်းခံကြရတာလဲ။ ကလေးများသည် ဘာမျှမသိတတ်ကြပါ၊ ကလေးများတွင် အပြစ်မရှိပါ။ မိဘကြောင့်ဖြစ်တဲ့ မိမိရင်သွေးကို ဘာကြောင့် စွန့်ပစ်ရတာလဲ။ အိမ်ထောင်ကွဲလို့ ကလေးတွေ ဒုက္ခရောက်မယ်ဆိုရင် ကလေးတွေမျက်နှာကို မငဲ့ကွက်ကြတော့ဘူးလား။ ဒီနေရာမှာ**“သဒ္ဒိသံပါကံ ဇနေ တိ”** ဆိုတာရှိပါတယ်။ တူသောအကျိုးပေးတတ်၏တဲ့။ မလွှဲသာမရှောင်သာ ဝဋ်ကြွေးပေးဆပ်နေရသော ကလေးများဆိုရင်တော့ မတတ်နိုင်ပါ။ ဝဋ်ခံရတယ်ဆိုတာပြုသူအသစ် ဖြစ်သူအဟောင်းဆိုသလို ကိုယ်ပြုခဲ့တဲ့အတိုင်း ပြန်ခံရတာပါပဲ။ ဃောသက သူဌေးဟာ အတိတ်ကာလတစ်ခုသောဘဝက မိမိကလေးကို စွန့်ပစ်ခဲ့မိသောဝဋ်ကြွေးကြောင့် ခုနစ်ဘဝတိုင်တိုင် အစွန့်ပစ်ခံရပြီး ဃောသကသူဌေးလောင်းဘဝမှာပင် အကြိမ်ကြိမ်စွန့်ပစ်ခဲ့ခြင်းခံခဲ့ရ၏။ သို့ရာတွင် သူ၏ ဘုန်းကံကုသိုလ်အားကြောင့် မသေမပျောက် ဒုက္ခမရောက်ရဘဲ အချမ်းသာဆုံးသူဌေးကြီး ဖြစ်ခဲ့ရသည်။ ဝဋ်ကြွေးရှိလျှင်တော့ ပေးဆပ်ကြရပါမည်။ ဝဋ်ကြွေးတုံ့တင် ရှိပါလျှင်လည်း မိမိပြုရမည့် အလှည့်တွင် မေတ္တာဘာဝနာပွား၍ မပြုမိအောင်ကြိုးစားရပါမည်။

ယခုဘဝ အစွန့်ပစ်ခံရခြင်းသည် ကိုယ်ကပြုခဲ့၍ ဝဋ်ကြွေးဆပ်လိုက်ရခြင်းဟုတ်ချင်မှတ်ဟုတ်မည်၊ ပြုလိုက်သူက အမှုသစ်စတင်ကျူးလွန်လိုက်ခြင်းလည်းဖြစ်နိုင်သည်။ လောဘအလျောက်၊ ဒေါသအလျောက် ပြုလုပ်လိုက်ခြင်းများလည်းရှိသည်။ ဝဋ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မိမိကမေတ္တာဘာဝနာတရားဖြင့်နေလျှင် မည်သို့သော အကုသိုလ်မှုမျိုးကိုမျှ ကျူးလွန်မိတော့မည်မဟုတ်။ သည်သို့ဆိုလျှင် မိဘအိမ်ထောင်ကွဲကလေးမျိုး၊ အစွန့်ပစ်ခံကလေးမျိုး လျော့နည်းသွားနိုင်သည်။

စစ်ပွဲများကြောင့် မိမဲ့ဖမဲ့ဖြစ်ခဲ့ရသည့် ကလေးများ၊ လူကြီးများစောင့်ရှောက်ထိန်းသိမ်းမှုမရှိ၍ ဒုက္ခိတဖြစ်ရသည့်ကလေးများ၊ အစွန့်ပစ်ခံရသော ကလေးများမှာ လူ့ပယောဂကြောင့်ဖြစ်ရတာပါ။ ၎င်းတို့ကိုမူ ကျွန်တော်တို့ လျော့ပါးသွားအောင် ဆောင်ရွက်နိုင်ကြလိမ့်မည် ထင်ပါသည်။ စစ်ပွဲများကြောင့်ဆိုလျှင် စစ်ပွဲများမဖြစ်အောင် တားဆီးကြရပါလိမ့်မည်။ အာသောကမင်းကြီးသည် ကလိင်္ဂကို စစ်ဆင်၍ စစ်နိုင်သောအခါ စစ်ရှုံးတိုင်းပြည်ကို လှည့်လည်ကြည့်ရှု၏။ စစ်ဘေးဒုက္ခသည် ကလေးများသည် အာသောကဘုရင်ကို မြင်ရသောအခါ ကလေးတို့၏ မျက်နှာပေါ်ဝယ် ကြောက်လန့်စိုးရိမ်ခြင်း၊ ရွံ့ရှာမုန်းတီးခြင်း၊ မလိုလားမနှစ်သက်ခြင်းတို့ကို တွေ့မြင်လိုက်ရ၏။ ကလေးမျက်နှာပေါ်မှ လူကြီးတို့၏ စိုးရိမ်သောကမျိုးများကို တွေ့မြင်လိုက်ရသည်။ ထိုအချိန်မှစ၍ အာသောကဘုရင်ကြီးသည် စစ်တိုက်ခြင်းကို စွန့်ပယ်လိုက်ပြီး သင်္ဂါယနာတင် သာသနာပြုမင်းကြီးအဖြစ် ထင်ရှားခဲ့သည်။

ဝေးသောအကြောင်းတို့ကို အသာထားပါဦး၊ ကျွန်တော်တို့ မြန်မာနိုင်ငံမှာပင်လျှင် စစ်ပွဲအမျိုးမျိုးကြုံခဲ့ရ၏။ ဒုတိယကမ္ဘာစစ်ကြီး၏ အနိဋ္ဌာရုံများနှင့် ပြည်တွင်းသောင်းကျန်းမှုတို့ကြောင့် မည်မျှဒုက္ခရောက်လိုက်ပါသနည်း။ ဖွံ့ဖြိုးမှုနောက်ကျ၊ ပညာမသင်နိုင်၊ ကျန်းမာရေးချို့တဲ့၊ နောင်တစ်ခေတ်အတွက် မျိုးဆက်ကလေးများ၊ တိုင်းပြည်၏ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးခဲ့ရသည်။ ယခု ကျွန်တော်တို့ ကုန်းရုန်းထနေရချိန်တွင် ဖွံ့ဖြိုးပြီးနိုင်ငံအချို့၏ ထိုးနှက်ချက်များကိုလည်း ခံနေရသည်။ မည်သို့ပင် မုန်တိုင်းပြင်းထန်ပါစေ

တက္ကသိုလ် လှမောင်

ကျွန်တော်တို့သည် မျိုးဆက်သစ်ကလေးများ ဖွံ့ဖြိုးတိုးတက်လာရေးကိုမူ ကျွန်တော်တို့အားလုံး စိတ်ဝင်စားကြရပါမည်။ ကျွန်တော်သည် ကလေးပြုစုရေး ဌာနရုံးခန်းမတွင် ချိတ်ဆွဲထားသော **“ဘဝမှရရှိသော သင်ခန်းစာ”** ဆိုသည့် အချက်၁၀ချက်ကို အသေးစိတ်ဖတ်ကြည့်ခဲ့မိပါသည်။ ထိုအချက်များမှာ–

၁။ နှိမ့်ချပြက်ရယ်ပြုခြင်းကို အမြဲတစေ ခံစားရသော ကလေးသည် တွန့်ဆုတ် ကြောက်ရွံ့လေ့ရှိ၏။

၂။ ပြစ်တင်ရှုတ်ချခြင်း အမြဲတစေ ခံရသောကလေးသည် သူတစ်ပါးကို အပြစ် ရှာလေ့ရှိ၏။

၃။ အမုန်းနှင့်ထိတွေ့နေရသောကလေးသည် သူတစ်ပါးကို ရန်မူနေလေ့ရှိ၏။

၄။ မေတ္တာဖြင့်ထွေးပိုက်ခြင်း မခံရသောကလေးသည် သူတစ်ပါးကို ရန်မူလေ့ရှိ၏။

၅။ ထောက်ခံအားပေးမှုခံရသောကလေးသည် မိမိစွမ်းရည်ကို အားထားယုံကြည်လေ့ရှိ၏။

အမြဲတစေ အနှိမ်ခံနေရသောကလေး၊ ပြက်ရယ်လှောင်ပြောင်ခြင်းခံနေရသောကလေးသည် သူတွေ့မြင်သူတိုင်းအပေါ် သူ့ကိုနှိမ်မှာပဲ၊ ပြက်ရယ်ပြုမှာပဲဟု စိတ်မှာစွဲပြီး မြင်လေရာရာကို ကြောက်ရွံ့စိတ်၊ မလုပ်ရဲ၊မကိုင်ရဲ တွန့်ဆုတ်စိတ်တို့ ဝင်နေတတ်သည်။ အချို့မှာ လုပ်သမျှ ပြစ်တင်ရှုတ်ချခံနေရ၍ ရန်လိုစိတ်များနှင့်အတူ သူတစ်ပါးကိုလည်း အပြစ်ရှာဖို့သာ စိတ်ကူးနေတတ်လိမ့်မည်။ အချို့မှာ ကိုယ်ကမည်သို့နေနေ အမုန်းတရားနှင့်သာ အမြဲရင်ဆိုင်တွေ့ကြုံဆက်ဆံ ခံနေရသည့်အခါ ချစ်နေ၍လည်း မထူးဆိုသည့် စိတ်နှင့်အတူ တွေ့လေရာကို ရန်လိုနေတတ်သည်။ အချို့ကလေးများမှာ မေတ္တာငတ်ကြသည်။ လိုချင်သည့် ယုယထွေးပိုက်ကြင်နာမှု မခံရ၍ သူတစ်ပါးကို ရန်မူနေလေ့ရှိတတ်သည်။ ထို့ကြောင့် ပတ်ဝန်းကျင်ဆက်ဆံမှု အခြေအနေများက ကလေးတစ်ယောက်၏စိတ်ဓာတ်ကို အလွန်ရိုက်ခတ်နိုင်သည်။

ကလေးဘဝ ပြုစုစောင့်ရှောက်ရေးသည်အလွန်အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ကလေးဘဝဆိုသည်မှာ အရာရာ မဖွံ့ဖြိုးသေးသည့်အချိန်၊ အရာရာ နုနယ်သေးသည့်အရွယ် ဖြစ်နေသည်။ မသိစိတ် အရိပ်မည်းကြီးသည် ၎င်းအရွယ်လေးများမှာ စတင်လွှမ်းမိုးတတ်သည်။ ငယ်ငယ်က ကြောက်စိတ်ဝင်ခဲ့သည့်ကလေးသည် တစ်သက်လုံးကြောက်စိတ်ဝင်တတ်သည်။ အဓိပ္ပာယ်မဲ့ ရန်လို ရန်မူနေခြင်း၊ အကြောင်းမဲ့ သူတစ်ပါးကို အပြစ်ရှာနေခြင်း၊ အပြစ်တင်နေခြင်းတို့မှာလည်း အလားတူပင်ဖြစ်သည်။ မူရင်းစိတ်မှန် မဟုတ်တော့ပါ။ လူ့အရင်းအမြစ် ဖွံ့ဖြိုးဖို့ဆိုလျှင် ကိုယ်ရည်ကိုယ်သွေးကောင်းမွန်သည့် အရည်အချင်း ပြည့်ဝသည့် မျိုးဆက်သစ်များ လိုအပ်သည်။

သို့ဖြစ်၍–

– မိမိစွမ်းရည်ကို အားထားယုံကြည်သော ကလေးများ၊
– သူတစ်ပါး၏ဆောင်ရွက်မှုကို တန်ဖိုးထားတတ်သော ကလေးများ၊
– သူတစ်ပါးအပေါ်၌ စာနာတတ်သော ကလေးများ၊
– သူတစ်ပါးကို ခွင့်လွှတ်တတ်သော ကလေးများ၊
– ပညာ၏တန်ဖိုးကို သိရှိလာသော ကလေးများ၊
– မေတ္တာနှင့် အလှတရားကို မြတ်နိုးရှာဖွေတတ်သော ကလေးများ ဖြစ်လာစေရန် ကျွန်တော်တို့ဝိုင်းဝန်းကူညီထောက်ပံ့ စောင့်ရှောက်ပေးကြရန် လိုအပ်ပါသည်။ လူကောင်း သူကောင်းလေးများ၊ ထူးချွန်ထက်မြက်သော ကလေးများပေါ်လာမှ တိုင်းပြည်အတွက် အားကိုးရပါမည်။

အကြောင်းကြောင်းကြောင့် ဘဝ အားငယ်နေကြရရှာသော၊ ဒုက္ခရောက်နေရသော ကလေးပြုစုစောင့်ရှောက်ရေးဌာနရှိ ကလေးငယ်များအတွက် ပဒေသာပင်စိုက်ထူလှူခြင်း၊ တတ်နိုင်သမျှထောက်ကူခြင်းဖြင့် မြတ်သောဒါနရယူသင့်ကြပေသည်။ စိတ်ရှည်သည်းခံ ဖွဲသန်သန်ဖြင့် စေတနာအပြည့်ထား၍ စောင့်ရှောက်ပြုစုနေကြသော ဤဌာနရှိ ဝန်ထမ်းများကိုလည်း ချီးကျူးသင့်ပေသည်။

အမြဲတစေ အနှိမ်ခံနေရသောကလေး၊ ပြက်ရယ် လှောင်ပြောင်ခြင်းခံနေရသော ကလေးသည် သူတွေ့မြင်သူတိုင်းအပေါ် သူ့ကိုနှိမ်မှာပဲ၊ ပြက်ရယ်ပြုမှာပဲဟု စိတ်မှာစွဲပြီး မြင်လေရာရာကို ကြောက်ရွံ့စိတ်၊ မလုပ်ရဲ၊မကိုင်ရဲ တွန့်ဆုတ်စိတ်တို့ ဝင်နေတတ်သည်။ အချို့မှာ လုပ်သမျှ ပြစ်တင်ရှုတ်ချခံနေရ၍ ရန်လိုစိတ်များနှင့်အတူ သူတစ်ပါးကိုလည်း အပြစ်ရှာဖို့သာ စိတ်ကူးနေတတ် လိမ့်မည်။ အချို့မှာ ကိုယ်ကမည်သို့နေနေ အမုန်းတရားနှင့်သာ အမြဲရင်ဆိုင် တွေ့ကြုံဆက်ဆံ ခံနေရသည့်အခါ ချစ်နေ၍လည်း မထူးဆိုသည့် စိတ်နှင့်အတူ တွေ့လေရာကို ရန်လိုနေတတ်သည်။ အချို့ကလေးများမှာ မေတ္တာငတ်ကြသည်။ လိုချင်သည့် ယုယထွေးပိုက်ကြင်နာမှု မခံရ၍ သူတစ်ပါးကို ရန်မူနေလေ့ရှိတတ်သည်။

၆။ ချီးမြှင့်မြှောက်စားခြင်းခံရသောကလေးသည် သူတစ်ပါး၏ ကျင့်ကြံဆောင်ရွက်မှုကို တန်ဖိုးထားလေ့ရှိ၏။

၇။ အေးအတူပူအမျှ စိတ်ထားရှိသူနှင့် နေရသောကလေးသည် သူတစ်ပါးအပေါ်၌ စာနာလေ့ရှိ၏။

၈။ သည်းခံတတ်သူနှင့် ထိတွေ့နေသောကလေးသည် သူတစ်ပါးကို ခွင့်လွှတ်လေ့ရှိ၏။

၉။ ဗဟုသုတရှာမှီးသူများနှင့် ထိတွေ့နေရသောကလေးသည် ပညာ၏ တန်ဖိုးကို သိရှိလာတတ်သည်။

၁၀။ ပျော်ရွှင်သောပေါင်းသင်းစုနှင့် ထိတွေ့နေရသော ကလေးသည် မေတ္တာနှင့် လှပခြင်းကို ရှာဖွေတွေ့ရှိတတ်သည်။

အမှတ်စဉ်(၁)မှ(၄)အထိ ကလေးမျိုးမှာ ကိုယ်ရည်ကိုယ်သွေးညံ့ဖျင်းသော ကလေးမျိုးများ ဖြစ်လာတတ်ပြီး အမှတ်စဉ်(၅)မှ(၁၀)အထိသော ကလေးမျိုးများမှာ ကိုယ်ရည်ကိုယ်သွေး မြင့်မားသောကလေးမျိုးများ ဖြစ်လာတတ်ကြသည်။ ထို့ကြောင့် ကလေးများကိုနှိမ့်ချပြက်ရယ်ပြုခြင်း၊ ပြစ်တင်ရှုတ်ချခြင်း၊ အမုန်းဖြင့်ဆက်ဆံခြင်း၊ မေတ္တာဖြင့် ထွေးပိုက်မှုမရှိခြင်းများကို ရှောင်ကြဉ်ရပါမည်။

“မိဘမဲ့ကလေးများ၏ဘဝလှပဖို့ ဝိုင်းဝန်းကူညီစောင့်ရှောက်စို့” ဆိုသည့် ဌာန၏လက်ကမ်းစာစောင်လေးမှ မွန်မြတ်သည့် ဆောင်ပုဒ်ကလေးကိုလည်း ဖတ်လိုက်ရပါသည်။ အကြောင်းကြောင်းကြောင့် ဒုက္ခရောက်နေကြရသော သနားစရာ တွယ်ရာမဲ့ကလေးများဘဝ သာယာလှပရေးအတွက် ဝိုင်းဝန်းကူညီ စောင့်ရှောက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

ကလေးဘဝ၊ နုနယ်လှချိန်
မမျှဝန်မျိုး၊ ထမ်းမပိုးသင့်။
ကလေးဘဝ၊ စွမ်းမရချိန်
ဖေးမထောက်ချင့်၊ သနားသင့်၏။
ကလေးဘဝ၊ ကြီးမထခင်
ဒုက္ခထွေထွေ၊ မရောက်စေသင့်။
ဒုက္ခသွယ်သွယ်၊ ဒို့အလယ်မှ
စပယ်လေးတွေ၊ မွှေးစေကြိုင်စေ
လှပစေရေး၊ မျှလှူပေး၍
နွေးထွေးရနံ့ဖြာပါစေသတည်း၊ ဖြာစေသတည်း။ ။

စာမျက်နှာ ၉ မှ

စီမံကိန်းများချမှတ်

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ဖိုးသုညများနှင့် တည်ဆောက်၍မရနိုင်ဘူးဟု လမ်းညွှန်မိန့်ကြားခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိနေကြောင်း၊ မိမိတို့ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် မိဘပြည်သူများနှင့်ပူးပေါင်းပြီး ကျေးလက်အခြေခံပညာကျောင်းများ ပြုပြင်ခြင်း၊ ကျောင်းသုံးပရိဘောဂများ လှူဒါန်းခြင်း၊ ချို့တဲ့ကလေးငယ်များ အတွက် ပညာသင်ထောက်ပံ့ကြေးများပေးအပ်ခြင်း၊ ကျောင်းနေအရွယ်ကလေး ငယ်များ ကျောင်းအပ်နှံရေးလုပ်ငန်းများကို သံတွဲခရိုင်အတွင်းရှိ သံတွဲမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ ဂွမြို့နယ်တို့မှ ကျပ်နှစ်ဆယ့်သုံးသိန်းခုနစ်သောင်းကျော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းကို တင်ပြလိုကြောင်း။

ကျေးလက်နေပြည်သူများ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဆေးပေးခန်း ဆောက်လုပ်ပြုပြင်ခြင်း၊ ကျေးလက်နေပြည်သူများ ကျန်းမာရေးအတွက် အထူးကုဆရာဝန်ကြီးများနှင့်ပူးပေါင်း၍ ကျေးရွာအရောက် ကွင်းဆင်းပြီး ဆေးဝါးကုသမှုများ ဆောင်ရွက်ခဲ့ကြပါကြောင်း။

ကျေးလက်နေပြည်သူများ၏ သောက်သုံးရေ ကောင်းမွန်စွာရရှိစေရေး အတွက် သံတွဲခရိုင်အတွင်းရှိ သံတွဲမြို့နယ်တွင် ရေတုံကင်ကိုးခု၊ ရေတွင်း တစ်တွင်း၊ ရေကန်နှစ်ကန်တူးဖော်ခြင်း၊ တောင်ကုတ်မြို့နယ်တွင် ရေတုံကင်၁၂ခု၊ ရေကန်နှစ်ကန် တူးဖော်ပြီး ဂွမြို့နယ်တွင် ရေတုံကင် ငါးခု၊ ရေတွင်းနှစ်တွင်းတို့ကို ကျေးလက်ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါကြောင်း။

တည်ဆောက်ပေး

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှ ကျေးလက်နေပြည်သူများ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး ဘက်စုံဖွံ့ဖြိုးတက်မည်ဖြစ်သည့်အတွက် ကျေးလက်ရွာချင်းဆက်လမ်းများအဖြစ် သံတွဲမြို့နယ်တွင် ဘုရားမော်–ဆူးပုတ် ကုန်းလမ်း ဖောက်လုပ်ခြင်း၊ ရွှေကျောင်းပြင်– ပန်းချင်းပေါက်လမ်းဖောက် လုပ်ခြင်းနှင့် ဘုရားမော်တံတား တည်ဆောက်ခြင်း၊ တောင်ကုတ်မြို့နယ် တွင် နိုင်ငံတော်က တည်ဆောက်ပေးသည့် တောင်ကုတ်–မအီလမ်း ဖောက်လုပ် ရာတွင် လွတ်ကျန်ခဲ့သည့် မီးချောင်းထိုး–ရွာမ ၁၀ရွာ ရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်း၊ တံတားတည်ဆောက်ခြင်း၊ ကင်းတောက်–ကြက်ကိုင်းလမ်း ဖောက်လုပ်ခြင်း၊ ဂွမြို့နယ်တွင် ကုလားပြင်–ရေကျော် ကျောက်ချောလမ်း ဖောက်လုပ်ခြင်း၊ ဂွ–ကျောက်ချွန်လမ်းဖောက်လုပ်ခြင်း၊ တံတားများ ပြုပြင်ခြင်း များ ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြအပ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ သံတွဲခရိုင်အတွင်းတွင်ရှိသည့် သံတွဲမြို့နယ်၊ တောင်ကုတ်မြို့နယ် ၊ ဂွမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများအနေဖြင့် အသင်းအဆင့်ဆင့်၏ လမ်းညွှန်ကြီးကြပ်မှု၊ ပြည်သူလူထုများဖြင့် ပူးပေါင်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အစဉ်အမြဲ အားသွန်ခွန်စိုက် ကြိုးပမ်းပူးပေါင်း ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဦးကျော်ရင်က သံတွဲခရိုင်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ သံတွဲခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကြည်ရွှင်က လည်းကောင်း၊ ငွေကျပ်ရှစ်သိန်းတန်ဖိုးရှိ စာရေးခုံအစုံတစ်ရာနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ သံတွဲမြို့နယ်ပညာရေးမှူး ဦးကျန် အောင်ကလည်းကောင်း အသီးသီးလက်ခံယူကြသည်။

ထို့နောက် ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ကျိန္တလီမြို့၌ ကျင်းပ သည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆို ထောက်ခံခြင်းအခမ်းအနားတွင် ကိုယ်စားလှယ်သုံးဦးတို့၏ တင်ပြချက်များ နှင့်စပ်လျဉ်း၍ ကျိန္တလီမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်ခင်စမ်းရီက ထောက်ခံဆွေးနွေးရာ၌ တစည်းတလုံးတည်းသော ပြည် ထောင်စုကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် ရပ်တည်နေထိုင်သွား ကြရန် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စွာ ဆုံးဖြတ်ခဲ့ကြသည့် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ၁၂ရက်ကို နေ့ထူးနေ့မြတ် အဖြစ် ဂုဏ်ပြုပြီး သံတွဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစန်းနိုင်က တင်ပြသွားကြောင်း။

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် သူ့ကျွန်ဘဝဖြင့် နှစ်ပေါင်း ၁၀၀ကျော်နေခဲ့ကြရသော ကာလအတွင်းတွင် သူ့ကျွန်ဘဝက လွတ်မြောက် နိုင်ရေးအတွက် အသက်၊ သွေး၊ ချွေးများစွာ ရင်းနှီးပေးဆပ်ခဲ့ကြရကြောင်း။

ဂုဏ်ထူးဝိသေသများဖြင့်ပြည့်စုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တစည်းတလုံးတည်း လွတ်လပ်ရေး ကို အရယူနိုင်ရေးအတွက် ပင်လုံမြေတွင် တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သည့်အတွက် လုံးဝလွတ်လပ်ရေးကို ရရှိလာ ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ဂုဏ်ထူးဝိသေသများဖြင့် ပြည့်စုံသော ပြည် ထောင်စုနေ့ကို ဂုဏ်ပြုခြင်းသည် မိမိတို့ လူထုအစည်းအဝေးကြီးအတွက် အလွန်တန်ဖိုးထား ဂုဏ်ပြုထိုက်ကြောင်း ဦးစွာထောက်ခံတင်ပြအပ်ပါကြောင်း။

တစ်ဆက်တည်းမှာပင် တောင်ကုတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကိုကိုတင် တင်ပြခဲ့သော ဖေဖော်ဝါရီ ၁၇ရက်တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကြီးသည် စည်းကမ်းပြည့်ဝ သော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံ ရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ပေးမည့် ညီလာခံကြီး ဖြစ်ကြောင်း။

စည်းကမ်းပြည့်ဝသော၊ စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အလွန်အရေးကြီးကြောင်း၊ ပြီးပြည့်စုံသည့် အခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲနိုင်ရေးအတွက် နိုင်ငံတော်၏ ရှေ့ဆက်သွား မည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

သတ်မှတ်ဆုံးဖြတ်နိုင်ရေး

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဦးဆုံး လမ်းစဉ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဌာန်းနိုင်ရေးအတွက် အသေးစိတ်အခြေခံရမည့်မူများ သတ်မှတ်ဆုံးဖြတ်နိုင်ရေးအတွက် အမျိုးသား ညီလာခံကြီး ပြန်လည်ကျင်းပတော့မည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးကို ရည်မှန်းချက်များနှင့်အညီ အောင်မြင်ပြီးမြောက် စေရေးအတွက် ယနေ့တက်ရောက်လာကြသော ပြည်သူလူထုကြီးတစ်ရပ်လုံး အပါအဝင် နိုင်ငံသားအားလုံးက ကျရာအခန်းကဏ္ဍက ကြိုးပမ်းဆောင်ရွက် ကြရမည်ဖြစ်ကြောင်း။

၂၀၀၃ခုနှစ်က ပုဂံယဉ်ကျေးမှုနယ်မြေတွင် လူထုအစည်းအဝေးကြီး ကျင်းပပြီး မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကြေညာချက်ကို တစ်ခဲနက် ထောက်ခံပြီးဖြစ်ကြောင်း။

ထို့ကြောင့် ဦးကိုကိုတင် တင်ပြခဲ့သည့် ဖေဖော်ဝါရီ ၁၇ရက်တွင် ကျင်းပမည့် အမျိုးသားညီလာခံကြီးကို ပြည်သူလူထုတစ်ရပ်လုံးကိုယ်စား ကြိုဆိုထောက်ခံကြောင်း အလေးအနက် ထောက်ခံတင်ပြအပ်ပါကြောင်း။

အလွန်အားရကျေနပ်

တစ်ဆက်တည်းမှာ မိမိတို့နယ်မြေဒေသအတွက် နိုင်ငံတော်နှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် မိတ်ဖက်လူမှုရေး အဖွဲ့ အစည်းတို့နှင့်ပူးပေါင်းပြီး ကျောင်းများ၊ ရေတွင်းများ၊ လမ်းများ၊ တံတားများ၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးတို့ကို ကျေးလက်နေပြည်သူများ၏ လူမှုရေးဘဝ၊ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည် များကို တွေ့မြင်နေရသည့်အတွက် ပြည်သူလူထုကြီးနှင့်အတူ အလွန်ပင် အားရကျေနပ် ဝမ်းသာပီတိဖြစ်ရကြောင်း၊ ထို့ကြောင့် ဦးစိုးဝင်း တင်ပြသွားသည့် ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေ အနေနှင့် ရှေ့ဆက်အကောင်အထည်ဖော်မည့် လုပ်ငန်းများအား လှိုက်လှိုက်လှဲလှဲ ထောက်ခံအပ်ပါကြောင်း။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နယ်မြေလူထု အကျိုး၊ ရပ်ရွာအကျိုးကို ဆက်လက်ပြီး ဆတက်ထမ်းပိုးဆောင်ရွက်သွားမည် ဖြစ်သကဲ့သို့ ပြည်သူလူထုကြီးကလည်း မိမိတို့နှင့်အတူ ကျရာအခန်းကဏ္ဍက အားသွန်ခွန်စိုက် တက်တက်ကြွကြွ ပါဝင်ပူးပေါင်းဆောင်ရွက် ကြိုးပမ်းပေးကြ ပါဟု တိုက်တွန်းနိုးဆော်အပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးတင်ပြသွားသည်။

အတည်ပြုဆုံးဖြတ်

ဆက်လက်၍ သဘာပတိက အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီး၏ ဆန္ဒသဘောထားကိုရယူရာ ပြည်သူလူထုကြီးက သဘောတူ ကြောင်း တစ်ခဲနက် ဆန္ဒပြုကြသည့်အတွက် ပြည်ထောင်စုနေ့ကို ပြည်သူ လူထုကြီးက အလေးအနက်ဂုဏ်ပြုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ပြည်သူ လူထုကြီးက စောင့်ထိန်းမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကို ပြည်သူလူထု ကြီးက ကြိုဆိုထောက်ခံကြောင်းနှင့် ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြိုဆိုထောက်ခံကြောင်းတို့ကို ဤပြည်သူလူထု အစည်းအဝေး ကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ဂုဏ်ပြုသီဆို

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ဖြစ်ကြသော ကျိန္တလီမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက **‘ပြည်မြန်မာ’** သီချင်းနှင့် **‘ရာသက်ပန်ပြည်ထောင်စု’** သီချင်းတို့ဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက **‘ပြည်ထောင်စုမပြိုကွဲရေး’** (ဒို့အရေး၊ ဒို့အရေး) **‘တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး’** (ဒို့အရေး၊ ဒို့အရေး) **‘အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး’** (ဒို့အရေး၊ ဒို့အရေး)ဟု တစ်ခဲနက်ကြွေးကြော်ကြပြီး သံတွဲခရိုင် ဂွမြို့နယ် ကျိန္တလီမြို့၌ ကျင်းပသော ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို နံနက်၈နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် အမှတ် (၀၀၅) သာကေတကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (စွမ်းအင်)

မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၀၅)ဖွင့်ပွဲကျင်းပ တစ်ချိန်တည်း ယာဉ်လေးစီးတစ်ပြိုင်တည်း CNG ဖြည့်တင်းပေးနိုင်

ရန်ကုန် ဇန်နဝါရီ ၂၉

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် ဆိုင်အမှတ်(၀၀၅) သာကေတ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ သာကေတမြို့နယ် ဧရာဝဏ်လမ်းရှိ အဆိုပါ အရောင်းဆိုင်ရှေ့၌ကျင်းပရာ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ အမှတ်(၂)စစ်ဒေသမှူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း ညွှန်ကြားရေးမှူး ဦးမြင့်ဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်နှင့် ပတ်သက်သည်များ ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်း နှင့်ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ် ပေးကြသည်။ ဆက်လက်၍ စွမ်းအင် ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီက မော်တော်ယာဉ်သုံးသဘာဝ ဓာတ်ငွေ့အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော် များသည် မော်တော်ယာဉ်သုံး သဘာဝ ဓာတ်ငွေ့အရောင်းဆိုင်အတွင်း လှည့် လည်ကြည့်ရှုစစ်ဆေးရာ ညွှန်ကြား ရေးမှူး ဦးမြင့်ဌေးက ဓာတ်ငွေ့ သို လှောင်ပုံနည်းစနစ်၊ ဖိအားမြှင့်စက် ကွန်ပရက်ဆာ(Compressor)၏ စွမ်းဆောင်ချက်များ၊ဓာတ်ငွေ့ဖြည့်စက် (Dispenser)၏ ဓာတ်ငွေ့ဖြည့်သွင်း ပေးမှုနှင့် ဓာတ်ငွေ့ဖိုးကျသင့်ငွေ တွက်ချက်ပေးစက်၏ တန်ဖိုးငွေ တွက်ချက်ပေးမှုများကို လိုက်လံ ရှင်းလင်းပြသသည်။

ထို့နောက် ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများနှင့် ဧည့်သည်တော်များ သည် ခရီးသည်တင် မော်တော်ယာဉ် များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ် များအား သဘာဝဓာတ်ငွေ့ဖြည့်သွင်း ပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး အရောင်းဆိုင် ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယာဉ်လေးစီးတစ်ပြိုင်တည်း

အဆိုပါဆိုင်မှ တစ်နေ့လျှင် NGV ကားစီးရေ ၃၀၀ခန့်ကို CNG ရောင်းချပေးနိုင်မည်ဖြစ်ပြီး တစ်ချိန် တည်းတွင် မော်တော်ယာဉ်လေးစီးကို တစ်ပြိုင်တည်း CNG ဖြည့်တင်းပေး နိုင်မည်ဖြစ်သည်။

မော်တော်ယာဉ်သုံး သဘာဝ ဓာတ်ငွေ့၏ ရောင်းဈေးမှာ ဓာတ်ဆီ တစ်ဂါလန်နှင့်အညီ မောင်းနှင်နိုင်မည့် သဘာဝဓာတ်ငွေ့ ၁၆၅ကုဗပေကို ကျပ်၁၀၀ဖြစ်ပြီး ရန်ကုန်မြို့၌ နောက် ထပ် CNG အရောင်းဆိုင်များကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

(၇၂) ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန အကောက်ခွန်ဦးစီးဌာနမှ လက် ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) ဦးမြင့်စိုး **(အပေါ်ပုံ)** သည် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်–၅၀၀)တွင် ဇန်နဝါရီ ၁၉ရက်က (၇၂)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

စုပေါင်းကာကွယ် မီးဘေးအန္တရာယ်

ကျေးလက်ပြည်သူများအသိပညာဗဟုသုတတိုးပွားရေး စာကြည့်တိုက်များဖွင့်လှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေး အမျိုးသားရေးအသိဖြင့် စေတနာထားဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၉

စစ်ကိုင်းတိုင်းအတွင်းရှိ ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်များလှူဒါန်းပွဲကို ယမန်နေ့နံနက် ၈ နာရီတွင် မုံရွာမြို့ရှိ မြို့တော်ခန်းမဦးကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာဒါန အလှူရှင် ၁၄၆ဦးနှင့်အတူ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စေတနာထားဆောင်ရွက်

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်သာအေးက နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရန်ဖြစ်ကြောင်း၊ လူမှုရေးဦးတည်ချက် (၄) ရပ်တွင်လည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး ဦးတည်ချက်ကို အလေးအနက် ထည့်သွင်းထားကြောင်း။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးမှု(Highly Qualified Resoure) အစီအစဉ်များကို အင်နှင့်အားနှင့် ထုထည်ပမာဏကြီးမားစွာ အကောင်အထည်ဖော်ရန် ညွှန်ကြားထားကြောင်း၊ သို့ပါ၍ နိုင်ငံ၏ လူများစုဖြစ်သော ကျေးလက်ပြည်သူများ အသိပညာ ဗဟုသုတ တိုးပွားများပြားစေရေးအတွက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ဖွင့်လှစ်ထူထောင်ပေးရခြင်းဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်း အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၁၇၆၁အုပ်စုတွင် ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ကျန်ရှိနေသည့် ကျေးရွာ ၄၁၆၅ ရွာတွင် ၂၀၀၆ ခုနှစ်အတွင်း အပြီးဖွင့်လှစ်နိုင်အောင် အလှူငွေနှင့် စာအုပ်များလှူဒါန်းရခြင်းဖြစ်ကြောင်း၊ မြို့ပြနှင့်ကျေးလက်ဒေသဖွံ့ဖြိုးမှု ကွာဟချက် နည်းနိုင်သမျှ နည်းအောင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်၊ အမျိုးသားရေးအသိဖြင့် စေတနာထားကာအကျိုးပြုဆောင်ရွက်ကြရန်ကိုလည်းတိုက်တွန်းလိုကြောင်း၊ ယခုကဲ့သို့ ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်များ လှူဒါန်းပွဲ အခမ်းအနားကို တက်ရောက်အားပေးသော ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ငွေကျပ်၁၀သိန်းကို တိုင်းမှူး ဗိုလ်ချုပ်သာအေးကလှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက လက်ခံသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သုတရသ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာအုပ်မျိုးစုံ အုပ်ရေ ၂၀၅၀ ကို လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက လက်ခံသည်။

စစ်ကိုင်းတိုင်းအတွင်းရှိ ကျေးလက်ဒေသများသို့ စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် အလှူငွေနှင့် စာအုပ်များ ပေးအပ်လှူဒါန်းပွဲတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော အလှူငွေကျပ် ၁၀ သိန်းကို တိုင်းမှူး ဗိုလ်ချုပ်သာအေးက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ပေးအပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ယင်းနောက် မုံရွာမြို့ ရွှေအုပ်စုကုမ္ပဏီမှ ဦးသန်းထွန်းက လှူဒါန်းငွေကျပ်ငါးသိန်း၊ ကျောက္ကာရေနံ့လုပ်ငန်းရှင်များကိုယ်စား ဦးအောင်လင်းက လှူဒါန်းငွေကျပ်ငါးသိန်း၊ အမှတ်(၁) ကြေးနီ မြန်မာအိုင်ဗင်ဟိုကုမ္ပဏီမှ ဦးထိန်ဝင်းက လှူဒါန်းငွေ FEC၅၀၀၊ တိုင်းအဆင့် ဌာနဆိုင်ရာများက လှူဒါန်းငွေကျပ် ၅၅၂၀၀၀နှင့် စာအုပ်ပေါင်း၈၂၇၄အုပ်တို့ကို တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးတို့က တိုင်းမှူး ဗိုလ်ချုပ်သာအေးထံ အသီးသီးပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ဝေဝေခိုင်က အလှူငွေကျပ်တစ်သိန်း၊ စစ်ကိုင်းတိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်က အလှူငွေကျပ်တစ်သိန်း၊ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးအောင်က အလှူငွေကျပ်၂၅၀၀၀၀နှင့် စာအုပ်မျိုးစုံ၂၃၀၀၀၊ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက လှူဒါန်းငွေကျပ် ၅၃၃၀၀၀နှင့် စာအုပ်မျိုးစုံ၂၉၈၂အုပ်၊ မုံရွာမြို့ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် မြို့မိမြို့ဖများမှ လှူဒါန်းငွေကျပ် ၅၁၈၀၀၀၊ မုံရွာမြို့ ဟိုတယ်နှင့်တည်းခိုခန်းများက လှူဒါန်းငွေကျပ် ၅၁၅၀၀၀၊ မုံရွာစီးပွားရေးတက္ကသိုလ် MBAနှင့် MPAမဟာတွဲ့ရကျောင်းသားကျောင်းသူများ စုပေါင်းလှူဒါန်းငွေကျပ် ၁၅၀၀၀၀၊ စစ်ကိုင်းတိုင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ လှူဒါန်းငွေကျပ်တစ်သိန်း၊ မုံရွာမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ လှူဒါန်းငွေကျပ်တစ်သိန်းတို့ကို ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းထံ အသီးသီးပေးအပ်လှူဒါန်းကြသည်။

အထောက်အကူပြု

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးဇူးတင်စကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်အောင်မြင်ရေးအတွက် ယခုကဲ့သို့ ငွေကျပ် ၅၄သိန်းကျော်နှင့် စာအုပ်စာတမ်းပေါင်း လေးသောင်းကျော်တို့ကို လှူဒါန်းနိုင်အောင် စည်းရုံးစီစဉ်ဆောင်ရွက်ပေးခဲ့သော စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့်တကွ ဌာနဆိုင်ရာအကြီးအကဲများ၊ စေတနာရှင် အဖွဲ့အစည်းနှင့် ပြည်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်(Knowledge age)ဖြစ်သည့် အလျောက် ပြည်သူများအားလုံး အသိပညာ ဗဟုသုတ မြင့်မားရန်လိုအပ်ကြောင်း၊ နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကလည်း မြန်မာ့လူ့ဘောင်ကိုအစဉ်အမြဲလေ့လာသင်ယူနေသည့် လူ့ဘောင် (Life Long Learnning Society) ဖြစ်အောင် တည်ဆောက်ရန် လမ်းညွှန်ထားပါကြောင်း၊သို့ပါ၍ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ကျေးလက်ပြည်သူများ အသိပညာဗဟုသုတမြင့်မားရေးအတွက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ပေးနေကြောင်း၊ ယခုအချိန်ထိ ကိုယ့်အားကိုယ့်ကိုးကျေးရွာစာကြည့်တိုက်ပေါင်း ၁၁၀၀၀ ကျော်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ကျေးရွာ စာကြည့်တိုက်ပေါင်း ၅၀၀၀၀ ကျော်ကိုလည်း ၂၀၀၆ခုနှစ်အတွင်းအပြီးဖွင့်လှစ်နိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ သို့ပါ၍ ယနေ့ပြုလုပ်သောငွေကြေးနှင့်စာအုပ်စုပေါင်းလှူဒါန်းမှုသည် မိမိတို့ ဝန်ကြီးဌာန၏ ရည်မှန်းချက်အောင်မြင်ရေးအတွက် များစွာအထောက်အကူပြုပါကြောင်း၊ ယနေ့လှူဒါန်းသည့် ငွေကြေးနှင့်စာအုပ်စာစောင်အားလုံးကိုလည်း စစ်ကိုင်းတိုင်းအတွင်းရှိ ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရေးအတွက်သာ သုံးစွဲသွားမည်ဖြစ်ကြောင်း၊ ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရာတွင်လည်း အချိန်မီပြီးစီးနိုင်ရေးအတွက် အသင့်ဆုံးနှင့် အလွယ်ဆုံးနည်းကိုသုံး၍ ဖွင့်လှစ်နေခြင်းဖြစ်ကြောင်း၊ အဓိကအားဖြင့် ကျေးလက်ပြည်သူများစာဖတ်သည့် အလေ့အကျင့်ရရှိလာစေရန်နှင့် စာဖတ်ရှုရေးအတွက်စာအုပ်စာစောင်များ လက်လှမ်းမီစေရန် ဦးစွာဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထိုသို့ စတင်ဆောင်ရွက်ပြီးနောက် စာကြည့်တိုက်များ ရေရှည်တည်တံ့စေရေးအတွက် စာအုပ်စာစောင်များ တိုးပွားစေရန်၊ စာကြည့်တိုက်ပရိဘောဂများ တိုးပွားစေရန်နှင့် ခိုင်မာသောစာကြည့်တိုက် အဆောက်အအုံများ ရရှိလာစေရန် တဖြည်းဖြည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ လက်ရှိလည်း ထိုကဲ့သို့ပင် ဆောင်ရွက်နေပါကြောင်း၊ သို့ပါ၍ ဌာနဆိုင်ရာ အကြီးအကဲများ၊ စေတနာရှင်ပြည်သူများ အနေဖြင့် ယခုကဲ့သို့ မတည် လှူဒါန်းရုံသာမက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်ပါ အဘက်ဘက်က ဆက်လက်ကူညီပံ့ပိုးပေးရန် မေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားသည်။

ယနေ့ကျင်းပသည့် စစ်ကိုင်းတိုင်း အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် ငွေကြေးနှင့် စာအုပ်လှူဒါန်းပွဲတွင် စေတနာရှင် အဖွဲ့အစည်းနှင့် ပြည်သူ ၁၄၆ ဦးတို့က ငွေကျပ် ၅၄၅၉၅၀၀၊ FEC၅၀၀နှင့် စာအုပ်စာစောင်ပေါင်း ၄၀၁၅၆ အုပ်တို့ကို လှူဒါန်းခဲ့ကြကြောင်းနှင့် စာအုပ်စာစောင် ၄၀၁၅၆ ၏ တန်ဖိုးမှာ ကျပ် ၄၃၁၂၂၀ ဖြစ်သဖြင့် စုစုပေါင်းတန်ဖိုးမှာ ကျပ် ၉၇၇၁၆၂၀ နှင့် FEC ၅၀၀ တို့ဖြစ်ကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ထို့ပြင် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် လှူဒါန်းပွဲမစတင်မီ မုံရွာဘိုးဘွားရိပ်သာမှ ကျွဲရဲလမ်းဆုံအထိ ဖောက်လုပ်နေသော ပြည်ထောင်စုလမ်းမကြီး ဖောက်လုပ်နေမှုနှင့် မုံရွာကျောက္ကာလမ်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လမ်းဘေးဝဲယာတွင် အနေးယာဉ်သွားရန် ၁၂ ပေအကျယ် ကတ္တရာလမ်း ဖောက်လုပ်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက် ၁၁နာရီတွင် မန္တလေးမြို့သို့ ရောက်ရှိပြီး မန္တလေးမြို့ ကိုယ်ပွားသတင်းစာတိုက်စက်ရုံအတွင်း သတင်းစာရိုက်နှိပ်နေမှု အခြေအနေများ လိုက်လံကြည့်ရှုစစ်ဆေးကာ သတင်းစာများ အရည်အသွေး ကောင်းမွန်ရေး၊ သတ်မှတ်ချိန်အတွင်း ရိုက်နှိပ်ပြီးစီးရေး၊ မန္တလေးမြို့ပေါ်ရှိ ပြည်သူများ သတင်းစာကို နေ့စဉ် နံနက်စောစော ပုံမှန်ဖတ်ရှုနိုင်အောင် ဖြန့်ဝေရေး၊ မန္တလေးတိုင်းအတွင်းရှိမြို့နယ်များနှင့် အခြားမြို့နယ်များသို့ ရထား၊ ကား၊ သင်္ဘောများဖြင့် ပို့ဆောင်ရာတွင် နေ့ချင်းပေါက် သက်ဆိုင်ရာ ဂိတ်များသို့ အချိန်မီ ပို့ဆောင်ဖြန့်ဝေနိုင်ရေး၊ သက်ဆိုင်ရာ မြို့နယ်များရှိ သတင်းစာကိုယ်စားလှယ်များ အနေဖြင့်လည်း မိမိတို့ထံ ရောက်ရှိလာသော သတင်းစာများကို ပြည်သူလူထု လက်ဝယ်သို့ အချိန်မဆိုင်းဘဲ ချက်ချင်းဖြန့်ဝေအောင် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရေး၊ စက်ပစ္စည်းများကို ရေရှည်ခိုင်ခံ့အောင် နေ့စဉ်၊ အပတ်စဉ်၊ လစဉ်ကြံ့ခိုင်ရေးပြုလုပ်ရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ မီးသတ်ပစ္စည်းများ ထပ်မံဖြည့်တင်းထားရှိပြီး ဝန်ထမ်းအားလုံးနှင့် ဇာတ်တိုက်လေ့ကျင့်ရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တတိယအကြိမ် ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်မြို့လှိုင်မြို့နယ်(၁၁)ရပ်ကွက် သဟပုညကာရီ သံဃဒါန တနင်္လာဆွမ်းလောင်းအသင်းက တတိယအကြိမ် ဓမ္မသဘင်တွင် ဇန်နဝါရီ ၃၀ရက်ညဦး အရှင်ဆေကိန္ဒ (ဓမ္မဒူတ) နှင့် ၃၁ ရက်ညဦး အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ (၃၅၂)

အမှာစကား ပြောကြား

စစ်ကိုင်းတိုင်းအတွင်းရှိ ကျေးလက်ဒေသများသို့ စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် အလှူငွေနှင့် စာအုပ်များ ပေးအပ်လှူဒါန်းပွဲတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့
ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့အထိ နိုင်ငံအဝန်းတွင်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၁၉၈၈)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

(၄၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲကျင်းပပြီးစီး မန္တလေးတိုင်း အမျိုးသမီးအသင်း ခုနစ်နှစ်ဆက်တိုက်ဗိုလ်စွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့က ကြီးမှူး ကျင်းပသည့် (၄၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းက သိမ်ဖြူတင်းနစ်ကွင်းတွင်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက်အားပေးပြီး ဆုများပေးအပ် ချီးမြှင့်သည်။

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ

အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် လူငယ်လက်ရွေးစင်များဖြစ်သည့် ကချင်ပြည်နယ်မှ မိုးချစ်သဲနှင့် မန္တလေးတိုင်းမှ ဆုဝေဖြိုး(ခ)ဇူးဇူးတို့ ပြန်လည်ဆုံတွေ့ကြရာ အကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီး ကချင်ပြည်နယ်မှ မိုးချစ်သဲက ၆-၃၊ ၆-၇၊ ၆-၄ မှတ်ဖြင့် နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ ကချင်သူလေး မိုးချစ်သဲသည် အကောင်းဆုံး အမျိုးသမီး အားကစားဆုကိုပါ ဆွတ်ခူးသွားသည်။

ဗိုလ်စွဲ

အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲတွင် စစ်ကိုင်းတိုင်းမှ ငယ်နောင်းက ဧရာဝတီတိုင်းမှ လှဝင်းနိုင်အား ၆-၄၊ ၆-၂မှတ်ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိ ဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် တတိယဆုရ ရန်ကုန်တိုင်းနှင့် စစ်ကိုင်းတိုင်းအသင်း၊ ဒုတိယဆုရ ကချင်ပြည်နယ်အသင်းအား ဆုတံဆိပ်၊ ငွေသားဆု တင်းနစ်ဘောလုံးဘူးတို့အား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အမှုဆောင် ဒေါ်အယ်လ်ခွန်းရီက ပေးအပ်ချီးမြှင့်သည်။

တံခွန်စိုက်ဒိုင်းဆု

ပထမဆုရ မန္တလေးတိုင်းအသင်းအား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်အေးအေးက ဆုတံဆိပ်နှင့်တင်းနစ်ဘောလုံးဘူးနှင့် ငွေသားဆုများပေးအပ်ချီးမြှင့်သည်။ မန္တလေးတိုင်းအမျိုးသမီးတင်းနစ်အသင်းသည် ခုနစ်နှစ်ဆက်တိုက်ဖြင့် ပထမတံခွန်စိုက်ဒိုင်းဆုကြီးကို ရယူသွားနိုင်ခဲ့သည်။

အမျိုးသားအသင်းလိုက် ပြိုင်ပွဲ တတိယဆုရ ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဒုတိယဆုရ ဧရာဝတီတိုင်း၊ ပထမဆုရ စစ်ကိုင်းတိုင်းအသင်းတို့အား ဆုတံဆိပ်၊ တင်းနစ်ဘောလုံးဘူးများနှင့် ငွေသားဆုများအား မြန်မာနိုင်ငံအိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုရ ကချင်ပြည်နယ်မှ မိုးချစ်သဲနှင့် အကောင်းဆုံး အမျိုးသား အားကစားသမားဆုရ စစ်ကိုင်းတိုင်းမှ ငယ်နောင်း တို့အား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပေးအပ်ချီးမြှင့်သည်။

ပထမတံခွန်စိုက်ဒိုင်း

အမျိုးသား အသင်းလိုက်ပြိုင်ပွဲ ပထမဆုရ စစ်ကိုင်းတိုင်းနှင့် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲ ပထမဆုရ မန္တလေးတိုင်းအသင်းတို့အား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ပထမတံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းများ ပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

အမျိုးသမီး၊ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ၅၀၀၀၀၊ ဒုတိယငွေကျပ်၃၀၀၀၀နှင့် တတိယဆုငွေကျပ်၂၀၀၀၀စီချီးမြှင့်သည့်အပြင် တင်းနစ်ဘောလုံးဘူး လက်ဆောင်အဖြစ် ပထမရှစ်ဘူး၊ ဒုတိယ ငါးဘူး၊ တတိယ သုံးဘူးစီ ချီးမြှင့်ကြောင်း သတင်းရရှိသည်။ ။

(မြန်မာ့အလင်း)

(၄၂) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲတွင် ခုနစ်နှစ်ဆက်တိုက် ဗိုလ်စွဲသွားသောမန္တလေးတိုင်း အမျိုးသမီးအသင်းအား ဆုများနှင့်အတူ တွေ့ရစဉ်။

ဓာတ်ပုံ- သိန်းဝင်းလေး (မြန်မာ့အလင်း)

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(ပြည်ပရေးရာတာဝန်ခံ) ဦးကျော်နိုင်ခေါင်းဆောင်၍ အဖွဲ့ဝင်များဖြစ်ကြသော ဦးစံတင်အောင် (ရွှေဘို)၊ ဦးကျော်မင်း(MMM ဆောက်လုပ်ရေး မန်နေဂျင်းဒါရိုက်တာ)၊ ဦးကြည်မင်း(PAG Co.)နှင့် ဦးခိုင်သူဝင်း(MMM ဆောက်လုပ်ရေး)တို့ ပါဝင်သည့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၇ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားကြသည်။

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ အမှတ်(၂) စစ်ဒေသမှူး တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ကြီးအောင်ကြည်ဝင်းနှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံ၌ ကမ္ဘာ့ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mrs. Annabel Dillon နှင့် စင်ကာပူဟော်ကီအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့နှင့် မြန်မာနိုင်ငံ၌ မြက်ခင်းတုကွင်း တည်ဆောက်ရေးနှင့် ပတ်သက်၍ လည်းကောင်း၊ ဒေသတွင်း ပြိုင်ပွဲများကျင်းပနိုင်ရေးအတွက် လည်းကောင်း၊ မလေးရှားနိုင်ငံ၌ အာရှဟော်ကီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Tan Seri Dato P. Plagendra နှင့် မြန်မာနိုင်ငံမှ ဟော်ကီ မျိုးဆက်သစ်အားကစားသမားများ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့၌ စခန်းသွင်းလေ့ကျင့်နိုင်ရေးကိစ္စတို့ကို လည်းကောင်း ဆွေးနွေးကြမည်ဖြစ်ပြီး မြန်မာနိုင်ငံ၌ ဟော်ကီအားကစားကွင်းနှင့် ပွဲကြည့်စင်အသစ် တည်ဆောက်ရေးအတွက် မလေးရှားနိုင်ငံမြို့များ၌ရှိသော ပွဲကြည့်စင်များ တည်ဆောက်ပုံများကို ကြည့်ရှုလေ့လာကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ကျင်းပမည့် အာဆီယံမြို့တော်များ ပိုက်ကျော်ခြင်းပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် ထွက်ခွာသွားသောအသင်းခေါင်းဆောင် ဦးအောင်ကျော်ဦး ခေါင်းဆောင်သော မြန်မာပိုက်ကျော်ခြင်းအဖွဲ့အား ဇန်နဝါရီ ၂၇ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။ (မြန်မာ့အလင်း)

ကမ္ဘာတစ်လွှားအားကစား

ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်ပထမအကျော့ အေစီမီလန်၊ ရိုးမားနှင့် ကယ်ဂလီရာရီတို့နိုင်ပွဲရရှိ

ရောမ ဇန်နဝါရီ ၂၉

ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များအဖြစ် ဇန်နဝါရီ ၂၇ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ကယ်ဂလီရာရီက ဆမ်ဒိုးရီးယားကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အေအက်စ်ရိုးမားက ဖီအိုရင်တီးနားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ အေစီမီလန်က အူဒီးနီးကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အေအက်စ်ရိုးမားနှင့် ဖီအိုရင်တီးနားတို့ပွဲတွင် ပွဲချိန်မိနစ်၄၀တွင် ရိုးမားအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ရှိဆီကသွင်းယူပေးပြီး ယင်းတစ်ဂိုးတည်းဖြင့်ပင် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အေစီမီလန်နှင့် အူဒီးနီးစ်တို့ပွဲတွင် အေစီမီလန်အတွက် ကွင်းလယ်ကစားသမား အမ်ဘရိုဆီနီက ပွဲချိန်၁၇မိနစ်တွင် တစ်ဂိုးနှင့် ပွဲချိန်၆၇မိနစ်တွင် တစ်ဂိုးသွင်းယူပြီး ဆာဂျင်ဟိုက ၈၄မိနစ်တွင် တစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

အင်တာမီလန်နှင့် အတ္တာလန္တာတို့ပွဲတွင် အင်တာမီလန်က တစ်ဂိုး-ဂိုးမရှိ အနိုင်ရရှိခဲ့ပြီး ယင်းဂိုးကို အင်တာမီလန်မှ မာတင်က သွင်းယူခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် အေစီမီလန်နှင့် အူဒီးနီးစ်တို့ပွဲတွင် အေစီမီလန်မှ ရူအီကော်စတာ (ယာ) **ထိုးဖောက် ကစားစဉ်။** (ဓာတ်ပုံ-အင်တာနက်)

တိုက်စစ်မှူးမီဂျိုလာရိုအား ပေါ်တိုအသင်းက ခေါ်ယူစာချုပ်

လစ္စဘွန်း ဇန်နဝါရီ ၂၉

ဥရောပချန်ပီယံ ပေါ်တိုအသင်းသည် ဘရာဇီးတိုက်စစ်မှူး မီဂျိုလာရိုအား လေးနှစ်ခွဲစာချုပ်တစ်ရပ် ချုပ်ဆိုပြီး ခေါ်ယူရန် လက်မှတ်ရေးထိုးခဲ့ပြီဖြစ်ကြောင်း ပေါ်တိုကလပ်မှ တာဝန်ရှိသူတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ဘရာဇီးနိုင်ငံသား တိုက်စစ်မှူးမီဂျိုလာရိုကို ပြောင်းရွှေ့ကြေး မည်မျှပေးခဲ့ရသည်ကို ပေါ်တိုအသင်းက အသေးစိတ်မပြောကြားသော်လည်း ပြောင်းရွှေ့ကြေးသည် ယူရိုငွေတစ်သန်းခန့်ရှိလိမ့်မည်ဖြစ်ကြောင်း ပေါ်တူဂီမီဒီယာများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဗင်ဒါဆား ဖူဟမ်တွင် ဆက်ကစားမည်

လန်ဒန် ဇန်နဝါရီ ၂၉

ဒတ်ချ်နိုင်ငံတကာ ဘောလုံးဂိုးသမားတစ်ဦးဖြစ်သူ အီဝင်ဗင်ဒါဆားသည် အင်္ဂလိပ် ပရီမီးယားလိဂ်အသင်း တစ်သင်းဖြစ်သည့် ဖူဟမ်အသင်းတွင် လာမည့် ၂၀၀၆ခုနှစ်အထိ ဆက်လက်ကစားရန် စာချုပ်လက်မှတ်ရေးထိုးခဲ့ပြီ ဖြစ်သည်။

အသက် ၃၄နှစ် အရွယ်ရှိပြီဖြစ်သော ဗင်ဒါဆားက ဖူဟမ်အသင်းတွင် ၂၀၀၁ခုနှစ်ကတည်းက ကစားခဲ့ရာတွင် ပျော်ရွှင်ခဲ့ကြောင်း၊ မိမိ၏ မိသားစုကလည်း ဖူဟမ်အသင်း၌ ကစားခြင်းကို သဘောကျကြောင်း ပြောကြားခဲ့သည်ဟု ဖူဟမ် ဝက်ဆိုက်ခ်က အင်္ဂါနေ့တွင် ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ကေအမ်ဒီ ကွန်ပျူတာ ကံစမ်းမဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၉

KMD Computer Sales & Services Centre နှင့် DCD Co., Ltd. တို့မှရောင်းချခဲ့သော PowerTree UPS များ၊ Gigabyte Product များနှင့် Monitor များအတွက် ကံစမ်းမဲဖွင့်ပွဲ အစီအစဉ် ကို ဇန်နဝါရီ ၂၃ ရက် ညနေ ၆နာရီခွဲက ရန်ကုန်မြို့ ကုန်သည်ကြီး များဟိုတယ်၌ကျင်းပသည်။ အစီအစဉ်အရ KMD Company Limited မှ Sales Director ဒေါ်သင်းသင်းစိုးက နှုတ်ခွန်းဆက် စကားပြောကြားသည်။ဆက်လက်၍ Managing Director ဖြစ်သူ Mr. Willian Foo က Power Tree ပစ္စည်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကြွရောက်လာကြသော ဧည့်သည်တော်များက ကံစမ်းမဲများကို နှိုက်ယူပေးကြသည်။ **(က–ပ)**

MIN KYAW MIN'S

SPOKEN ENGLISH CLASS

9.00 am - 11.30

Multi-media style lab, audio-visual aid

အထွေထွေကိုယ်စားလှယ်လွှဲစာကျမ်းကျိန်လွှာနှင့် လွှဲအပ်ထားသောစာချုပ်စာတမ်းများ ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ရွှေဘုန်းပွင့်ဘုရားလမ်း၊အမှတ် ၄၅နေ ဦးဝင်းထွန်းတာ ၁၂/ဥကမ(နိုင်)၁၈၆၄၄၇နှင့် ဒေါ်တင်မာအေး ၁၂/ဥကမ(နိုင်)၀၇၁၇၄၆တို့မှ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ အမှတ် ၆၅၁နေ ဦးကျော်အောင် ၁၂/ရကန(နိုင်) ၀၆၁၄၆၇နေသူနှင့် ကိုလှမြင့်(ခ)ကိုမာလီကွန်းတို့အား ၃–၁၁–၂၀၀၄ရက်တွင် မှတ်ပုံတင်စာချုပ်စာတမ်းရုံး၌ ချုပ်ဆိုလွှဲပြောင်းခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာ၊ ကျမ်းကျိန်လွှာနှင့် ယင်းနေ့မတိုင်မီက ကိုလှမြင့်(ခ)ကိုမာလီကွန်းနှင့်ချုပ်ဆိုခဲ့သော ယုံကြည်အပ်နှံ စာချုပ်စာတမ်းများ၊ ၂၅ကျပ်တန်တံဆိပ်ခေါင်းဖြင့် လက်မှတ်ရေးထိုးပေးခဲ့သော စာချုပ်အလွတ်များ ဦးလှဝင်း၊ ဦးမင်းသူ၊ ဦးမြင့်အောင်တို့ အသိသက်သေများ လက်မှတ်ရေးထိုး၍ ချုပ်ဆိုခဲ့သော စာချုပ်စာတမ်းများကို ယနေ့မှစ၍ ပယ်ဖျက်ရုပ်သိမ်းလိုက်သည်။

ဦးဝင်းမြင့်(လက်ပံတန်း)တရားရုံးချုပ်ရှေ့နေ
အမှတ်၅၀၊ပထမထပ်၊ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း–၃၇၀၈၃၁။

အမည်ပြောင်း အဖဦးထွန်းအေး၏သမီး တောင်ဥက္ကလာပ အထက(၄) နဝမတန်း–D မှ မခင်စန္ဒာထွန်းအေးအား ယနေ့မှစ၍ မခိုင်စန္ဒာထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မခိုင်စန္ဒာထွန်း။**

မင်္ဂလာဦးဆုတောင်း

ကိုတင်မျိုးအောင်(ခ)ကိုယုန်လေးနှင့် မခင်ဆွေသစ်(ခ)မမသစ်တို့၏ ၂၂–၁–၂၀၀၅ရက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ဘဝခရီးလမ်းကို ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ကြပါစေ။

တင်မိုးလှိုင်၊ မိုးသန္တာ။

B.A(Eng)

SUPER-A-ONE

Interview

Tourism, Hotel, Company, Student Visa, Grammar

511231

SAYA-TONY

IELTS - သင်တန်းများ

- Spoken English Course
- Grammar & Essay Writing Course
- All Round Development Course (4 Skills)
- Foreign Going English Course

ပြည်ပအလုပ်အကိုင်ကြော်ငြာ

၁။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင်မှတ်ပုံတင်ထားသော **သုခစုံ** **ကုမ္ပဏီ**၏ စီစဉ်ဆောင်ရွက်မှုဖြင့် **စင်ကာပူနိုင်ငံ သင်္ဘောကျင်း** တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသော မြန်မာနိုင်ငံသား အထွေထွေလုပ်သား (အမျိုးသား)များ အလိုရှိပါသည်။

(က) သင်္ဘောကျင်းလုပ်သား	–	၃၀ဦး	အသက် ၂၀ မှ ၄၀နှစ်
ပညာအရည်အချင်း	–	ကိုးတန်းအောင်	
အခြေခံလစာတစ်ရက်	–	S$ 20	
ဝန်ဆောင်ခ	–	S$ 2300 နှင့်ညီမျှသော မြန်မာကျပ်ငွေ။	

၂။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြို့နယ်ရုံးများနှင့် ကျန်ပြည်နယ်၊ တိုင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင် ၂၅–၂–၂၀၀၅ရက် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အသေးစိတ်အချက်အလက်များကို အထက်ဖော်ပြပါ အလုပ်သမားရုံးများနှင့်

သုခစုံ ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ

အမှတ် ၁၀၇၊ ဆိပ်ကမ်းသာလမ်း(အောက်)၊ ကျောက်တံတား၊ ရန်ကုန်မြို့တွင် စုံစမ်းနိုင်ပါသည်။ ဖုန်း–၀၁–၂၅၃၉၅၆။

မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြနန္ဒာလမ်းမ၊ ခြံအမှတ် P/၁၂နေ
ဦးဟန်ချုံကောင်း–(ချင်ခိန်ဖုံး)–ဒေါ်မြလေး
တို့၏စတုတ္ထသား
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၆၄လမ်း၊ အမှတ် ၃၀နေ

မောင်စိန်အေး

နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သုခလမ်း၊ လမ်းသွယ် ၆၀၊ အမှတ် ၂၂၁နေ
ဦးအောင်ကြည်–ဒေါ်ကြည်ကြည်ဝင်း
တို့၏တစ်ဦးတည်းသောသမီး

မတီတီးအောင်ကြည် B.Econ (Economics)

တို့၏ ၂၉–၁–၂၀၀၅ရက်တွင် Western Park Restaurant (I)၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဇနီး ကမ္ဘောဇဘဏ်လီမိတက် ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး(လူမှုထူးချွန်ပထမဆင့်)နှင့်မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော ဦးဝင်းမောင်–ဒေါ်အေးမြင့်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံလှဲ့လှဲ့ဝင်း၊ မိတ်ကပ်ဆံပင် အလှဖန်တီးရှင် ခင်စန်းဝင်း၊ ပန်းအလှပြင် လင်းလင်း၊ တေးသံသာများဖြင့် ဖျော်ဖြေပေးသော အလင်္ကာတေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးသော အကိုင်းနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော မြရတနာမိုးအားလည်းကောင်း၊ မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စိန်အေး–မတီတီးအောင်ကြည်။

အမြန်အလိုရှိသည်

(ပြည်တွင်း၌သာ မြန်မာကျပ်ငွေဖြင့် ခန့်ထားရန်)

၁။ စီမံ/ရုံးဝန်ထမ်း — ကျား/မ(၅)ဦး
– တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိသူဖြစ်ရမည်။ အသက်(၃၀)နှစ် အထက်ဖြစ်ရမည်။

၂။ စက်ကိုင် (Game Machine Operator) — (၅၀)ဦး
– အခြေခံပညာအထက်တန်းအဆင့်ရှိသူ ဖြစ်ရမည်။ Game စက်များ ကျွမ်းကျင်စွာကိုင်တွယ်နိုင်သူ ဦးစားပေးမည်။ အသက် (၁၈)နှစ်မှ (၂၅)နှစ်ထက် မကျော်စေရ။

၃။ အရောင်းစာရေး (Sale Girl) — (၂၅)ဦး
– အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး တစ်နှစ်ရှိသူဖြစ်ရမည်။ အသက်(၃၀)နှစ်ထက် မကျော်စေရ။

၄။ လုံခြုံရေး (Security) — (၂၅)ဦး
– အနည်းဆုံး အခြေခံပညာအထက်တန်းအဆင့်ရှိသူဖြစ်ရမည်။ အသက်(၂၅)နှစ်မှ (၄၅)နှစ်အတွင်းရှိသူ ဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့်၍ ကျန်းမာသန်စွမ်းရမည်။ အရက်သေစာသောက်စားမှုကင်းရှင်းသူ ဖြစ်ရမည်။ လုံခြုံရေးနှင့်ပတ်သက်သည့် သင်တန်းတက်ရောက်နိုင်သူဖြစ်ရမည်။

၅။ ယာဉ်မောင်း (Driver) — (၄)ဦး
– အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့်၍ ကျန်းမာသန်စွမ်းရမည်။ လိုင်စင်သက်တမ်း ငါးနှစ်နှင့်အထက်ရှိပြီး Saloon, Wagon, Minibus, Canter နှင့် အဆင့်မြင့်ကားများကို ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။ ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။ လိုင်စင်(အနီ)ရရှိပြီးသူနှင့်အိမ်ထောင်မရှိသူ အဆောင်တွင် ညအိပ်နေနိုင်သူကိုဦးစားပေးမည်။ အရက်သေစာသောက်စားမှု ကင်းရှင်းသူဖြစ်ရမည်။

၆။ သန့်ရှင်းရေး — ကျား/မ(၆)ဦး
– နေ့/ည တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အသက်(၃၅)နှစ်ထက်မကြီးသူဖြစ်ရမည်။

အထက်ပါရာထူးနေရာများအတွက် အလုပ်လျှောက်ထားသူများသည် ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ ကိုယ်ရေးမှတ်တမ်း C.V Form၊ ပညာအရည်အချင်းအထောက်အထား၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အမျိုးသားမှတ်ပုံတင်မိတ္တူ၊ ယာဉ်မောင်းလိုင်စင်မိတ္တူ(ယာဉ်မောင်းများအတွက်)၊ မကြာသေးမီကရိုက်ထားသော လိုင်စင်ဓာတ်ပုံ သုံးပုံနှင့်အတူ ပူးတွဲ၍ ကြော်ငြာပါသည့် နေ့မှစ၍ ခုနစ်ရက်အတွင်း စာတိုက်သေတ္တာအမှတ်(၁၀၅၃)သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

EXCEL SHOPPING MALL

Chinese New Year & Valentine Day

5%

50%

Discount

Excel Treasure Tower

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မောင်အောင်ကျော်မင်း ၁၂/ကခက(နိုင်)၀၆၆၉၆၂သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်သဖြင့် ၂၈–၁–၂၀၀၅ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **ဦးဘိုးအေး**

၁၂/ကခက(နိုင်)၀၂၆၂၂၁
ဒေါ်အေးဝင်း
၁၂/ကခက(နိုင်)၀၂၅၈၆၃
စ/၁လမ်း၊မြို့သစ်၊ကွမ်းခြံကုန်းမြို့။

Summer Courses for Kids — Junior, Senior, Advanced

COMPUTER, ENGLISH, ARTS & PAINTING, SWIMMING

Era Solutions MSC, Eranet

Audio System

705702, 539531, 505986

SoftGuide Computer

- Flash
- Microsoft Office XP
- Graphic Design
- D.T.P.
- Turbo C
- Visual Basic
- Auto CAD
- Summer Computer for Kid's
- Computerized Accounting (ACCPAC) (Peachtree)

382180, 09-5019864

လှိုင်လင်မြို့ ရှခင်းသာကျောက်ချောလမ်းနှင့် ဘုရားကြီးလမ်း သစ်သားတံတားဖွင့်ပွဲကျင်းပ

လှိုင်လင် ဇန်နဝါရီ ၁၀

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော လှိုင်လင်မြို့ ရှခင်းသာကျောက်ချောလမ်းနှင့် ဘုရားကြီးလမ်း သစ်သားတံတားဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ရက်က အဆိုပါလမ်း မုခ်ဦးရှေ့တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ရှခင်းသာ ကျောက်ချောလမ်းနှင့် ဘုရားကြီးလမ်း သစ်သားတံတားကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်နှင့် လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးသန့်ဇင်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ကျောက်ချောလမ်းမှာအရှည် ပေ ၈၇၀၊ အကျယ် ၁၂ပေရှိပြီး ခွင့်ပြုရန်ပုံငွေ ကျပ် ၁၆၅၆၀၀၀ နှင့် သစ်သားတံတားမှာ ပေ ၂၀ x ၆ ပေ x ၄ ပေရှိပြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၁၀၀၀၀ဖြင့် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(နယ်စပ်/စည်ပင်)

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ဇန်နဝါရီ ၅ရက်က ပခုက္ကူ မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဆောင် ရွက် လျက် ရှိ သည့် မြိုင် – ပခုက္ကူ လေယာဉ်ကွင်းဖြတ်လမ်းကို သတ်မှတ်စံချိန်၊စံညွှန်းနှင့်အညီအချိန်မီပြီးစီးရေး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ် ပြန်/ဆက်)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု သာစည်မြို့နယ် အုတ်ဖိုကျေးရွာ ကျောက်ချောလမ်းဖွင့်

သာစည် ဇန်နဝါရီ ၁၀

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖောက်လုပ်ခဲ့သည့် အုတ်ဖိုကျေးရွာ ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက သာစည်–ရွှေညောင်သွား မီးရထားလမ်းအနီးရှိ မင်္ဂလာမုခ်ဦးတွင်ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မိတ္ထီလာခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးလှသောင်းတို့က အမှာစကားပြောကြားကြပြီး ကျောက်ချောလမ်းအား မြို့နယ်ဥက္ကဋ္ဌ ဦးအေးလူနှင့်မြို့နယ်အမှုဆောင်အရာရှိဦးလှသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်သွယ်ဖောက်လုပ်

ယခုဖွင့်လှစ်သော အုတ်ဖိုကျေးရွာကျောက်ချောလမ်းမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၂၅သိန်းငါးသောင်း အကုန်အကျခံ၍ အုတ်ဖိုကျေးရွာမှ သာစည်–ကလောအဝေးပြေးကားလမ်းမကြီးအထိ ဆက်သွယ်ဖောက်လုပ်ထားသော လမ်းမကြီးဖြစ်ကြောင်း သိရသည်။

(က–ပ)

ကျေးလက် စာကြည့်တိုက်များ တိုးချဲ့ ဖွင့်လှစ်ရေး ဆွေးနွေး

ကောလင်း ဇန်နဝါရီ ၂၂

ကောလင်းမြို့နယ် စာပေနှင့် စာနယ် ဇင်းအဖွဲ့လုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၂ ရက်က အဖွဲ့ရုံးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)က အမှာစကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် စာပေအင်အားစုများက ဝိုင်းဝန်းကူညီဆောင်ရွက်ရေး၊ စာပေပြိုင်ပွဲများပါဝင်ယှဉ်ပြိုင်ရေး၊ကျေးလက်စာကြည့်တိုက်များတိုးချဲ့ဖွင့်လှစ်ရေးနှင့် စာအုပ်စာတမ်းမဂ္ဂဇင်းများ စုဆောင်း၍ ကျေးလက်ဒေသသို့စုပေါင်းလှူဒါန်းရေးတို့ကို ဆွေးနွေးကြသည်။**(၀၂၆)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဒီဇင်ဘာ ၁၇ ရက်က သရက်မြို့နယ် ရေဖြူအုပ်စု ရေဖြူကျေးရွာတွင် နှစ်လက်မ အလျှူရှင်စက်ရေတွင်းသစ် ဖွင့်ပွဲအခမ်းအနားကို သရက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် သရက်မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ခေတ္တအမှုဆောင်အရာရှိ ဦးဆယ်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် သာယာဝတီမြို့နယ် စည်ပင်သာယာရေး အဖွဲ့က သဲဖြူ–မဒေါ့ ကျေးရွာချင်းဆက်လမ်း ဂဝံခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဖေအောင်သူနှင့် တာဝန်ခံအင်ဂျင်နီယာဦးမျိုးတင့်ဆွေ တို့ ကြီးကြပ်ဆောင်ရွက် ပေးကြစဉ်။ (မြို့နယ် စည်ပင်)

နွားထိုးကြီးမြို့နယ် ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကျွန်းဒေါင့်ကျေးရွာ၌ စက်ရေတွင်းတူးဖော်

နွားထိုးကြီး ဇန်နဝါရီ ၁၀

ကျေးလက်ဒေသနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နွားထိုးကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ အသင်းပိုင်ရေတွင်းတူးဖော်စက်ဖြင့် တူးဖော်ပေးခဲ့သည့် ကျွန်းဒေါင့်ကျေးရွာတွင် စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၁ရက် မွန်းတည့် ၁၂ နာရီက ကျေးရွာစက်ရေတွင်း မင်္ဂလာမဏ္ဍပ်တွင်ကျင်းပသည်။

အခမ်းအနားတွင် စက်ရေတွင်းတူးဖော်မှုနှင့်ပတ်သက်၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးတင်လှိုင်က ရှင်းလင်းပြောကြားပြီး အလှူရှင်များဖြစ်ကြသည့် ကျွန်းဒေါင့်ကျေးရွာနေ ဦးခင်မောင်ဝင်း –ဒေါ်တင်မြဝင်း မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ဦးသန်းထွန်း–ဒေါ်သန်းသန်းမိသားစုက ငွေကျပ် ၂၅၀၀၀၀နှင့် ပြည်သူများ လှူဒါန်းငွေကျပ်၁၅၀၀၀၀ တို့ကိုမြို့နယ်အသင်းအတွင်းရေးမှူး ဦးအေးသန့်ဆွေထံ ပေးအပ်လှူဒါန်း ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် စက်ရေတွင်းကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းနှင့် ခရိုင် အသင်းအတွင်းရေးမှူး ဦးအောင်ကံတို့က ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးကြရာ **(ဝဲပုံ)** ကျေးရွာပြည်သူများက ရေများကို တပျော်တပါး သယ်ယူကြသည်။

အဆိုပါ စက်ရေတွင်းကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပံ့ပိုးငွေကျပ် ၃၀၀၀၀၀၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က ဘိလပ်မြေအိတ်၅၀နှင့် ငွေကျပ်၁၂၅၀၀၀၊အလှူရှင်များနှင့်ပြည်သူများ ထည့်ဝင်ငွေကျပ် ၅၅၀၀၀၀ စုစုပေါင်းကုန်ကျငွေကျပ်၉၇၅၀၀၀ဖြင့် တူးဖော်ပေးခဲ့ပြီး ကျေးလက်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(၂၁၃)**

ဇန်နဝါရီ ၃ ရက်က မွန်ပြည်နယ် ပေါင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က နတ်မှော်–အီဖြစ် ကျေးလက်လမ်းပေါ်ရှိ ဇရပ်ဖြူတံတား တည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လှ၊ တာဝန်ခံအင်ဂျင်နီယာ ဦးအေးမင်းနှင့် အထက်တန်း အင်ဂျင်နီယာ(၃) ဦးဇော်မြင့်ဦး တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (၂၆၀)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်

မီးဘေးကြိုတင်ကာကွယ်ရေး စုပေါင်း ဆောင်ရွက်

မအူပင် ဇန်နဝါရီ ၂၄

မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လျှပ်စစ်မီးသွယ်တန်းမှုများကို စနစ်တကျ ဖြစ်စေရေးအတွက် ဇန်နဝါရီ ၂၀ ရက်က ဦးစီးအရာရှိ ဦးဇော်ဝင်းဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ် လျှပ်စစ်လက်ထောက်အင်ဂျင်နီယာ ဦးဇော်လင်းဦး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများ၊ဈေးမိဈေးဖဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် အဖွဲ့ဝင်များက ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ စစ်ဆေးခဲ့ကြကြောင်းသိရသည်။

(က-ပ)

သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်သူ ဌေး ကွင်း ကျေးရွာ၊ ကျေးလက် ရေရရှိရေး အတွက် ရေကန် အ ဆင့် မြှင့် ဆောင်ရွက်မှုကို ရန် ကုန် တိုင်း စည်ပင်သာယာ ရေး ညွှန် ကြား ရေး မှူး ဦး ကြံ တိုင်းဆောင် နှင့် အမှုဆောင်အရာရှိ ဦးမောင်စိုးတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

အိမ်မဲမြို့နယ်အသင်း သင်းလုံးကျွတ် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

အိမ်မဲမြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် သိမ်ဖြူလမ်း ဆရာဝန်အသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ သင်းလုံးကျွတ်အစည်းအဝေးတွင် သက်ကြီးပူဇော်ပွဲ၊တက္ကသိုလ်ဝင်တန်းစာမေးပွဲဂုဏ်ထူးဆုချီးမြှင့်ပွဲနှင့်ပညာရေးငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲများ ပါဝင်မည်ဖြစ်ရာ သက်ကြီးပူဇော်ပွဲအတွက် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးအောင်တင် ဖုန်း-၂၅၁၃၂၃၊ ဒုတိယဥက္ကဋ္ဌ ဦးတင်သိန်း ဖုန်း-၂၄၆၉၃၇၊ ဦးကျော်ရှင်း ဖုန်း-၆၈၁၀၄၅၊ ဦးမြသန်း(အိမ်မဲ) ဖုန်း-၀၄၅-၂၁၆၄၉၊ အတွင်းရေးမှူး ဦးမြင့်စိုး ဖုန်း-၅၆၅၁၄၀၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းနိုင် ဖုန်း-၆၆၁၃၄၉၊ ဦးထိန်ဝင်း(အိမ်မဲ) ဖုန်း-၀၄၅-၂၁၆၄၉နှင့် အကျိုးဆောင် ဦးသိန်းလွင် ဖုန်း-၆၆၁၃၄၉တို့သို့ ကြိုတင်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မျက်စိအထူးကုဆရာဝန်ကြီးနှင့်အဖွဲ့ မော်လိုက်သို့ကွင်းဆင်း သက်ကြီးဘိုးဘွားများနှင့် မျက်စိဝေဒနာရှင်များအားစမ်းသပ်ကုသပေး

မော်လိုက် ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်းကျန်းမာရေး ဦးစီးမှူးဒေါက်တာကျော်ရှိန်ဦးဆောင်ပြီး စစ်ကိုင်းတိုင်းမျက်မမြင် ကာကွယ်ရေးနှင့် မျက်ခမ်းစပ်တိုက်ဖျက်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာမေချိုချိုအေးနှင့်အဖွဲ့သည် ဒီဇင်ဘာ၁၀ရက်တွင် မော်လိုက်မြို့သို့ရောက်ရှိပြီး ဒီဇင်ဘာ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်များ တွင် မော်လိုက်ခရိုင်ပြည်သူ့ဆေးရုံကြီး၌ သက်ကြီးအဘိုးအဘွားများနှင့်မျက်စိဝေဒနာရှင် ၄၁၇ ဦးတို့အား စမ်းသပ်ခွဲစိတ် ကုသပေးကြသည်။

ထိုသို့ကုသပေးရာတွင် မျက်စိဝေဒနာရှင် ၃၇ ဦးအား အကြီးစား ခွဲစိတ်ကုသပေးပြီး ၂၁ ဦးအား အသေးစား ခွဲစိတ်ကုသပေးခဲ့ကြသည်။ မျက်စိဝေဒနာရှင် ၁၅၂ဦးအား ပါဝါမျက်မှန်များ အခမဲ့တပ်ဆင်ပေးပြီး ၂၀၇ ဦးကို ဆေးကုသပေးကြသည်။

မော်လိုက်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်အဖွဲ့ဝင်များက မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီးဒေါက်တာမေချိုချိုအေးနှင့်အဖွဲ့က မျက်စိစမ်းသပ် ခွဲစိတ်ကုသရာတွင် လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သီပေါမြို့နယ် အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း (အထက်တန်းခွဲ)၏ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၁၄ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ကိုယ်စားအခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာမကြီးဒေါ်အင်(န်)ဂျီးတောင်နှင့် အခြေခံပညာအလယ်တန်း ကျောင်းအုပ် ဆရာမကြီး ဒေါ်အေးအေးမော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၀၆)

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်းပြေးဆွဲနေသောအငှားယာဉ်များလမ်းစည်းကမ်းအတိုင်းအန္တရာယ်ကင်းစွာ သွားလာရေး၊ သပ်ရပ်သစ်လွင်ရေးနှင့် ၂၀၀၅-၂၀၀၆ဘဏ္ဍာရေးနှစ် လိုင်စင်များကို စည်းကမ်းထိန်းသိမ်းရေးဌာနစိတ်မှ ဇန်နဝါရီ ၁ရက်မှ ၁၈ရက်အထိ ဆောင်ရွက်ပေးရာ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူးဦးထွန်းမြိုင် ကြီးကြပ်စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြစ်ကြီးနားမြို့၌ လမ်းပခုံးများ တူးဖော်ဆောင်ရွက်

မြစ်ကြီးနား ဇန်နဝါရီ ၆

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာ လှပရေးအတွက် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၄ရက်က မြို့သစ်ကြီးရပ်ပြည်ထောင်စုလမ်းဘေးဝဲယာလမ်းတစ်လျှောက်လမ်းပခုံးများ ညီညာ ကောင်းမွန်စေရေးအတွက် ဒုတိယဦးစီးမှူး (သန့်)နှင့် ဝန်ထမ်းများက လုပ်ငန်းတူးဖော်ဆောင်ရွက်သည့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ဇန်နဝါရီ ၁၂ရက်က လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်း အင်ဂျင်နီယာ(၃) ဦးအောင်နိုင်ဝင်း ဦးဆောင်၍ ဒေါင့်ကြီး-ညောင်ပိုင်းကျေးလက်လမ်းကျောက်ချောခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမက်အာသာနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်စိုးတို့ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

စာကြည့်တိုက်ဆောက်လုပ်ရေး ပန္နက်တင်

ရွှေဘို ဇန်နဝါရီ ၁၀

ရွှေဘိုမြို့နယ် အောင်မြေကျောင်းထိုင် ဘုန်းကြီးကျောင်း စာကြည့်တိုက်ဆောက်လုပ်ရေး ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက်၉နာရီက အဆိုပါဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

ပန္နက်တင်

စာကြည့်တိုက်ဆောက်လုပ်ရေး ပန္နက်တင် အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ဦးဇော်ဝင်းနှင့် မြို့မိမြို့ဖ ဦးကြင်တို့က မင်္ဂလာမဏ္ဍပ်တွင် ပန္နက်တင်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဇန်နဝါရီ ၅ရက်က မြင်းခြံမြို့ကို အမှိုက်ကင်းမဲ့သည့် မြို့အဖြစ်သို့ ရောက်ရှိစေရန် မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

တာချီလိတ်ခရိုင် စစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ငွေပေးအပ်

တာချီလိတ် ဇန်နဝါရီ ၇

တာချီလိတ်ခရိုင် စစ်မှုထမ်းဟောင်းအဖွဲ့၏ အသက်၇၅နှစ်အထက် အဖွဲ့ဝင်များအားထောက်ပံ့ငွေပေးအပ်ပွဲကို ဒီဇင်ဘာ၂၄ရက်က ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပရာ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးက အမှာစကားပြောကြားပြီး ခရိုင်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဗိုလ်မှူးမင်းဇော်၊ အတွင်းရေးမှူး ဗိုလ်ကြီးတင်ရွှေ(ငြိမ်း)၊ အဖွဲ့ဝင် ဗိုလ်ကြီးထွန်းတင့်စိုး(ငြိမ်း)တို့က အသက် ၇၅နှစ်အထက် အဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဇန်နဝါရီ ၂၀ရက်က သဃ်န်းကျွန်းမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းတွင် အမှတ် ၅၁ စံပြ(၆)လမ်းမှ ဦးထွန်းထွန်းနိုင်-ဒေါ်အေးအေးမော်၊ သမီးမမဥ္ဇူအောင်နှင့် သား မောင်အာကာအောင်မိသားစုတို့က ကျောင်းသား ကျောင်းသူများအား အုန်းနို့ခေါက်ဆွဲအာဟာရ ကျွေးမွေးလှူဒါန်းစဉ်။ (က-ပ)

မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး တိုင်းရင်းသားအားလုံးဝိုင်းဝန်းကြိုးပမ်း ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်းတစ်အိမ်ထောင်တည်း စွဲမြဲစွာလက်ခံမှတ်ယူသဘောထား နိုင်ငံသစ်နှင့်ကိုက်ညီမည့်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအမျိုးသားညီလာခံအရေးပါ

ရန်ကုန် ဇန်နဝါရီ ၂၉

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကိုကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ကျိန္တလီမြို့၌ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဦးကျော်ရင်နှင့် ပြည်နယ်အလုပ်အမှုဆောင်များ၊ သံတွဲခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးစောမြင့်ဦးနှင့် အလုပ်အမှုဆောင် များ၊ သံတွဲခရိုင်အတွင်းရှိ သံတွဲ၊တောင်ကုတ်နှင့် ဂွမြို့နယ်တို့မှ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊တွဲဖက်အတွင်းရေးမှူးများနှင့်အလုပ်အမှုဆောင်များ၊ ကျိန္တလီမြို့ရှိ ရပ်ကွက်နှင့်ကျေးရွာ အုပ်စုများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများ၊ အမှုဆောင်များနှင့်အသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ဒေသခံပြည်သူများ အင်အား ၂၁၀၀ကျော်တို့ အင်တိုက်အားတိုက် တက်ရောက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ ✻**

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ကျိန္တလီမြို့၌ကျင်းပစဉ်။ (သတင်းစဉ်)

မြို့ပြနှင့်ကျေးလက် အကြားအလပ်မရှိ တစ်ပြေးညီဖွံ့ဖြိုးရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်နေ နယ်မြေလူထုအကျိုးနှင့် ရပ်ရွာပြည်သူအကျိုး အဖွဲ့အစည်းများက ဝိုင်းဝန်းကြိုးပမ်း ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကြီးကို ပြည်သူတစ်ရပ်လုံးကိုယ်စား ကြိုဆိုထောက်ခံ

ရန်ကုန် ဇန်နဝါရီ ၂၉

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ယနေ့ နံနက် ၈နာရီ မိနစ် ၄၀ တွင် မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ရွာသစ်ကြီးကျေးရွာ၌ ကျင်းပသည်။

<u>တက်ရောက်</u>

အခမ်းအနားသို့ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် အလုပ်အမှုဆောင်များ၊ ရမည်းသင်းခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရမည်းသင်းခရိုင်အတွင်းရှိ ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေးမြို့နယ်များမှ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အမှုဆောင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ အင်အား ၁၁၅၀၀ကျော် တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✡

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆို ထောက်ခံခြင်းအခမ်းအနားကို မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ရွာသစ်ကြီးကျေးရွာ၌ ကျင်းပစဉ်။ (သတင်းစဉ်)